# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၆၉)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၆-၅-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)**

# ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❍



ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၅

**မနက်ဖြန်နံနက်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ မေ ၂၆ ရက် ၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## လောကတွင်ရှိသမျှ အရာအားလုံး သတိတရားဖြင့် နေထိုင်ရမည်

လောကတွင်ရှိသမျှအရာအားလုံးတွင် ''သတိ''သည် အရေးအကြီးဆုံးဖြစ်သည်။ သတိကင်းမဲ့ပါက မည်သည့်အရာမှ ပြီးမြောက်အောင်မြင်နိုင်ခြင်းမရှိပါ။ ပစ္စုပ္ပန်အကျိုးစီးပွား ချမ်းသာမှုသာမက သံသရာအကျိုးစီးပွားဖြစ်သော နိဗ္ဗာန် ချမ်းသာတိုင်အောင် သတိသည် ပဲ့ကိုင်သူအဖြစ် အရေးကြီး မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဆိုရိုးစကားတွင် ''သတိမမူ ဂူမမြင်''ဟူ၍ ဆိုးရိုးရှိပြီး ''သတိမူက မြူကိုမြင်''ဟူ၍ ဆိုထုံးပြုထားသည်။

လောကလူ့ဘဝတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ရည်မှန်းချက် ပန်းတိုင်များကို ရောက်ရှိစေရန်မှာ သတိမှာ အရေးကြီးမည်ဖြစ်သည်။ ဘဝတွင် အောင်မြင်လို သူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဥစ္စာငွေကြေးရှာလိုသူဖြစ်စေ၊ တရားဓမ္မရှာလိုသူဖြစ်စေ အရာရာ ဆင်ခြင်သတိအမြဲရှိရ မည်ဖြစ်သည်။ သတိရှိသူသည် အလွဲအမှားကင်းသည်။ လိုရာကိစ္စ၊လိုရာခရီးကို အပြီးတိုင်ဆောင်ရွက်နိုင်မည်ဖြစ် သည်။ ထို့အပြင် စကားပေါင်းတို့၏ အချုပ်သည် ကတိ၊ တရားပေါင်းတို့၏ အချုပ်သည် သတိ ဟူ၍ ကြည့်ကန်ရှင် ကြီးက ဆိုခဲ့ဖူးသည်။ လူတိုင်းအတွက် သာမန်ကိစ္စကိုမဆို ထားဘိ လောကုတ္တရာ၏အကျိုးအတွက် အကြောင်းခံတရား များပင် သတိက ထိန်းချုပ်ပေးနိုင်သည်မှာထင်ရှားလှသည်။ သတိတရားဟူသည်ကား ပိုသည်ဟူ၍ ဘယ်သောအခါမှ မရှိ ပါ။ သတိတရားလျော့နည်း၍သာလျှင် အခက်အခဲဒုက္ခ ပြဿနာ၊ ဆုံးရှုံးမှု စသောဆိုးကျိုးနှင့်ရင်ဆိုင်တွေ့ကြုံကြ ရမည်ဖြစ်သည်။ လူတိုင်းအတွက် သတိတရားကိုလက်ကိုင် ထားနိုင်မှုအပြင် ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော တရားလေးပါးကိုလည်း သတိထားရမည်ဖြစ်သည်။ မေတ္တာဟူသည် သတ္တဝါများ၊ ခတ် သိမ်းသောလူများ၏ အကျိုးစီးပွားကိုလိုလားခြင်းဖြစ်သည်။ ကရုဏာသည် ခပ်သိမ်းသော လူများ၊ သတ္တဝါများအား သနားခြင်းဖြစ်သည်။ မုဒိတာဟူသည် ခတ်သိမ်းသော သတ္တဝါ နှင့် လူသားတို့အား ကြီးပွားအောင်မြင်မှု၊ ချမ်းသာမှုကို ဝမ်း မြောက်ခြင်းဖြစ်သည်။ ဥပေက္ခာဟူသည် ကံကံ၏အကျိုးအတိုင်း သာ ဖြစ်ရသည်ဟု နှလုံးသွင်းမှု၊ ချစ်ခြင်းမုန်းခြင်းနှစ်ပါးမှ လွတ်လပ်မှု၊သူ့သဘောကို သူဆောင်သည်ဟူသောနှလုံး သွင်းမှုဖြစ်သည်။ ဤတရားများဖြင့် ပြည့်စုံသူသည် အမြင့်မြတ် ဆုံးသောလူသားအဖြစ် ဘဝမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

''ကုသိုလ်ကောင်းမှုတွေ အမျိုးမျိုးရှိတဲ့အထဲက တကယ် အကျိုးအများဆုံး၊ အင်အားအကြီးဆုံး ကုသိုလ်ဟာမမေ့မလျော့ သတိနဲ့နေတာ''ဟု ဆရာတော်ဦးဇောတိက က ရေးသားထား သည်။ သတိနှင့်မယှဉ်လျှင် မိမိတို့စိတ်သည် အထိန်းအကွပ် မရှိ ပျံ့လွင့်နေတတ်သည့်သဘောရှိသည်။ တန်ဖိုးရှိသောဘဝ ကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် လုံ့လစိုက်ထုတ်သတိတရားဖြင့်နေမှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်ဖြစ်သည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့်စိတ်ဆန္ဒရှိဖို့လိုအပ်မည်ဖြစ် သည်။ သို့ဖြစ်ရာလူတိုင်း လူတိုင်းဖြတ်သန်းရမည့် လူ့လောက တွင် လုံ့လစိုက်ထုတ်သတိတရားဖြင့်နေထိုင်ရမည်ဖြစ်သည်။ တစ်ဖန် လူ့ဘဝတွင်ကျန်းမာပျော်ရွှင်သော လူဖြစ်ရန်အတွက် စားသောက်မှုတွင် သတိ၊ ဝတ်ဆင်မှုတွင် သတိ၊ နေထိုင်ပြောဆို မှုတွင် သတိ ဟူ၍ သတိမလပ်နေနိုင်ဖို့အတွက် ဆင်ခြင်သတိ အမြဲရှိ၊ မမေ့မလျော့ဖြင့်နေထိုင်သွားရန် လိုအပ်မည်ဖြစ်ပါ ကြောင်း ရေးသားလိုက်ရပေသည်။

## Green Gold က ပြည်ပသို့ ကော်ဖီစေ့အစိမ်းများ တင်ပို့ရောင်းချမည်

**မန္တလေး မေ ၂၅**

Green Gold ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေ ထွေလုပ်ငန်း သမဝါယမအသင်း က ပြည်ပနိုင်ငံသို့ ကော်ဖီ စေ့အစိမ်းတွေ တင်ပို့ရောင်းချနိုင် ရေး လျာထားဆောင်ရွက်နေသည် ဟု သိရသည်။

အခု ၂၀၂၆ ခုနှစ်အတွင်း တင်ပို့နိုင်ရေး ဆောင်ရွက်နေ ကြောင်း ဟိုပုံးမြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုး ထွဋ်ဝင်းက ပြောကြားသည်။

တစ်အိတ်ကို ၆၀ ကီလို ဂရမ်ဖြင့် ပထမအကြိမ် အိတ် ၆၀ တင်ပို့ဖို့ အသင်းမှ လျာထားသည်။

Green Gold ကော်ဖီကို ဘိန်းအစားထိုးသီးနှံ အဖြစ် လွိုင်လင်မြို့နယ်နဲ့ ဟိုပုံးမြို့နယ် တို့တွင် ဧက ၁၆၀၀၀ စိုက်ပျိုး ထားရှိသည်ဟု ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

Green Gold ကော်ဖီကို ၂၀၁၉ ခုနှစ်မှ စတင်ကာ ပြင်သစ် နှင့် ဘယ်လ်ဂျီယံအပါအဝင် ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင် ပို့လျက်ရှိသည်။

အခုဘဏ္ဍာနှစ် မေလတွင် ပြင်သစ်နိုင်ငံအခြေစိုက် ကုမ္ပဏီ တစ်ခုသို့ ပထမအကြိမ်နဲ့ ဒုတိယ အကြိမ် စုစုပေါင်းတန်ချိန် ၃၄ ဒသမ ၀၈ တန် တင်ပို့နိုင်ခဲ့ သည်။

Green Gold အနေဖြင့် ကော်ဖီတင်ပို့မှုမှ နိုင်ငံတော် အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေ ပေးနေသကဲ့သို့ ဘိန်းအစားထိုး သီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပြီး သမဝါယမအသင်းဝင် တောင်သူ များကို ဝင်ငွေရရှိစေရန် ဆောင် ရွက်နေကြောင်း သိရသည်။

**ရွှေမန်း**

## စားအုန်းဆီများအား သတ်မှတ်ချက်များနှင့်အညီ ရောင်းချရေး တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူးရုံးတွင် စား အုန်းဆီများကို သတ်မှတ်ချက် များနှင့်အညီ ရောင်းချရေး တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ နေ့လယ်ပိုင်း တွင် မန္တလေးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်း ဒေသကြီးဦးစီးမှူးရုံး ခန်းမ၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံး သူရေးရာဦးစီးဌာန၊ တိုင်းဒေသ ကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အတွင်း ဆီဖြန့်ဖြူးလျက်ရှိသည့် လက်ကားကိုယ်စားလှယ်များ တွေ့ဆုံကာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်း ဒေသကြီးဦးစီးမှူးက စားအုန်းဆီ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် ပြည်သူများထံသို့ စားအုန်းဆီများ ကိုရောင်းချရာတွင် သတ်မှတ် ရည်ညွှန်းဈေးအတိုင်း Vinyl များချိတ်ဆွဲရောင်းချရန်၊ မိမိတို့ ရောင်းချရမည့် ပမာဏအတိုင်း၊ အရည်အသွေးမှန်ကန်စွာဖြင့် ရောင်းချပေးရန်ဖြစ်ကြောင်း၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှုနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချရန် သိုလှောင်သိမ်းဆည်းမှုများ မရှိစေ ရေးအလေးထားလိုက်နာဆောင် ရွက်ရန်နှင့် သတ်မှတ်ချက်များ အပေါ် လိုက်နာမှုမရှိပါက လိုအပ် သလို အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများအနေ ဖြင့်လည်း အချင်းချင်းထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စက်မှုလုပ်ငန်းသုံးဆီများကို လည်း သက်ဆိုင်ရာလုပ်ငန်းများ တွင် အမှန်တကယ်သုံးစွဲနိုင်ရေး အတွက် ကြပ်မတ်ဆောင်ရွက် သွားရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသ ကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများ၊ လက်ကားကိုယ်စား လှယ်များက စားသုံးဆီဖြန့်ဖြူး ရောင်းချမှုအခြေအနေများနှင့် ထိန်းကျောင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ ခဲ့ကြောင်း မန္တလေးတိုင်းဒေသ ကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## မန္တလေးမြို့၌ ကျောင်းအပ်နှံရေး ရက်သတ္တပတ် စတင်ဆောင်ရွက်

**မန္တလေး မေ ၂၅**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွက် အခြေခံပညာ(အထက် တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ''နိုင်ငံ တော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုး တက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံ ကြပါစို့''ဆောင်ပုဒ်ဖြင့် ကျောင်း အပ်နှံရေးရက်သတ္တပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ် မှတ်ထားကာ ယနေ့တွင် ကျောင်း အပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

အလားတူ မန္တလေးမြို့ အတွင်းရှိ အခြေခံပညာကျောင်း များတွင်လည်း ယနေ့ နံနက်ပိုင်းမှ စတင်၍ ကျောင်းအပ်နှံရေးလုပ် ငန်းစဉ်များကို စတင်ဆောင်ရွက် လျက်ရှိရာ တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းသားမိဘ များနှင့် ကျောင်းသား၊ ကျောင်းသူ များ ကျောင်းလာရောက်အပ်နှံရာ တွင် စနစ်တကျနှင့် အဆင်ပြေ ချောမွေ့စေရေး၊ ကျောင်းသား စာရင်းပေးသွင်းရာတွင် စည်းကမ်း တကျဖြစ်စေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်ပေးကြ သည်။

ကျောင်းအပ်နှံရေးလုပ်ငန်း ဆောင်ရွက်ပေးခြင်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေး မှူး(ပညာ)ဒေါက်တာရွှေစင်အိက ''ပညာဆိုတာ ကလေးတစ် ယောက်ရဲ့ဘဝ၊ နိုင်ငံသားတိုင်း ရဲ့ဘဝပေါ့နော်၊ ကျွန်မတို့နိုင်ငံ ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် တကယ်ကို အခြေခံကျကျလို အပ်ပါတယ်၊ ကျွန်မအနေနဲ့က တော့ ကလေးအားလုံးကို ကျောင်းကိုရောက်ရှိရေး၊ ကျောင်း နေမြဲရေးအတွက်ကို မိဘတွေ အားလုံးနဲ့အတူ ရပ်ရွာမှာရှိတဲ့ ပြည်သူတွေအားလုံးက ပူးပေါင်း ပါဝင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းခြင်ပါတယ်''ဟု ပြောသည်။



ကျောင်းအပ်နှံရာတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာ သင်ကြားနိုင်ရေးအတွက် ကျောင်း လခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာ ကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေး ငွေကိုမျှ ကောက်ခံခြင်းမပြုဘဲ မူလတန်းကျောင်းသား တစ်ဦးကို ကျောင်းသုံးပုံနှိပ်စာအုပ်(၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ကျောင်း ဝတ်စုံ(၁)စုံ၊ ခဲတံ(၄)ချောင်း ထောက်ပံ့ပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းသား တစ် ဦးချင်းစီကို ကျောင်းသုံးပုံနှိပ်စာ အုပ်(၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ဘောလ်ပင်(၂)ချောင်း၊ ခဲတံ(၂) ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ ထောက်ပံ့ပေးသည်။

ယနေ့တွင် ကျောင်းလာ ရောက်အပ်နှံသည့် ကျောင်းသား မိဘတစ်ဦးကလည်း ''သားနဲ့သမီး ကို ကျောင်းလာအပ်တာပါ၊ ကလေးတွေကိုလည်း ကျောင်းသုံး စာအုပ်တွေနဲ့ စာရေးကိရိယာတွေ အခမဲ့ ထောက်ပံ့ပေးပါတယ်၊ ကျောင်းကရတာလည်း အဆင် ပြေပါတယ်၊ မိဘတိုင်းကလည်း ကိုယ့်သားသမီးတွေကို ပညာတူး ချွန်ထက်မြက်တဲ့သူတွေဖြစ် အောင် ကျောင်းကို ကြိုးစား ပြီးအပ်နှံပေးစေချင်ပါတယ်''ဟု ပြောသည်။

ကျောင်းများပြန်လည်ဖွင့် လှစ်ရာတွင်လည်း ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ် စွာဖြင့် ပညာသင်ကြားနိုင်ရေး အတွက်လည်း ဆောင်ရွက်ထားရှိ ပြီး ကျောင်းအပ်နှံရေး ရက်သတ္တ ပတ်အတွင်း၌ မန္တလေးမြို့ရှိ ကျောင်းများတွင် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းအဖွဲ့ များက လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၇၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

○ ရှေ့ဖုံးမှ

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးကို ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကော်မတီအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့လာနိုင်ခြေရှိသည့် သဘာဝဘေးများအတွက် ဝန်ကြီးဌာနများနှင့်နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ထားသည့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးအန္တရာယ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်အောင်စီမံထားရှိမှုများကို သိရှိရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း။

## ❖ ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရမည်

ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးလေဝသဆိုင်ရာခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များကို မျက်ခြည်မပြတ် ဂရုတစိုက်သိရှိစေရန်လည်း လိုအပ်ကြောင်း၊ ယခုကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသအချို့တွင် အပူချိန်များလာပြီး အယ်နီညိုဖြစ်နိုင်ခြေကိုလည်း တွေ့ရှိရကြောင်း၊ တစ်ဖက်တွင်လည်း လျှင်ဘေးအန္တရာယ်ကို အထူးသတိပြုရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကိုစနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

### ကြိုတင်ပြင်ဆင်

ထို့ပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပွားလာနိုင်သည့်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး လူ/တိရစ္ဆာန် ပြောင်းရွှေ့ရေး၊ ယာယီနေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ထိခိုက်နိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပြန်လည်ကုစားမည့်အစီအမံများနှင့် ဒေသအလိုက်တည်ရှိနေသည့် ဆည်မြောင်းတာတမံများ ကြံ့ခိုင်မှု ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ လုပ်ငန်းလည်ပတ်မှုမပြတ်တောက်စေရန် အစီအမံများကို ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါ အချိန်မီတုံ့ပြန်နိုင်ရေးအတွက် လူမှုကယ်ဆယ်ရှာဖွေရေး အဖွဲ့များ၊ ဘေးဒဏ်ခံနိုလှုံရေးအဆောက်အအုံနှင့် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားဆောင်ရွက်ထားရှိမှု၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကဏ္ဍများအလိုက် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

"ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေး အသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ" ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး၊ မြန်မာနိုင်ငံအခြေစိုက် တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် "ယွမ်" ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ ပိုမိုချောမွေ့မြန်ဆန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကိုလည်းကောင်း၊ ယွမ်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ (One Stop Service - OSS) ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၅

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် Fertility Centre ကို သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ရည်ရွယ်ဖွင့်လှစ်၍ ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ လူနာပေါင်း ၅၄၀၀ ကျော်ကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

Fertility Centre တွင် ဖန်ပြွန်သန္ဓေသား နည်းပညာ၊ သားအိမ်အတွင်းသို့ သုတ်ပိုးထည့်ခြင်း နည်းပညာ၊ မျိုးဥကြီးစေ၍ အချိန်ကိုက်ကိုယ်ဝန်ရစေသောနည်းပညာများ အသုံးပြု၍ ကျွမ်းကျင်သော ဆရာဝန်၊ ဆရာမများက အစိုးရရုံးဖွင့်ရက်တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် သားအိမ်အတွင်း သုတ်ပိုးထည့်ခြင်းနည်းပညာ (IUI) ဖြင့် လူနာ ၁၅ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းတို့မှ လူနာသုံးဦး၊ ၂၀၂၄ ခုနှစ်တွင် IUI ဖြင့် လူနာ ၆၁ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၁၂ ဦး၊ ၂၀၂၅ ခုနှစ်တွင် IUI ဖြင့် လူနာ ၁၅၇ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၂၁ ဦး အောင်မြင်ခဲ့သည်။

အဆိုပါ လူနာ ၂၁ ဦးမှ ၂၀၂၆ ခုနှစ် မေ ၁၇ ရက်တွင် အမြွှာယောကျ်ားလေးနှစ်ဦး၊ မေ ၁၈ ရက်တွင် ယောကျ်ားလေးတစ်ဦး အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်မေလအထိ IUI ဖြင့် လူနာ ၃၀ အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာငါးဦး အောင်မြင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလနှင့်မေလအတွင်းတွင်လည်း ဖန်ပြွန်သန္ဓေသားနည်းပညာ အသုံးပြု၍ ဇနီးမောင်နှံ ၁၂ တွဲအား ကလေးရရှိစေနိုင်ရန် ဆောင်ရွက်ထားဆဲဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းစွာ ဆောင်ရွက်လျက်ရှိပြီး သားသမီးရလိုသော ဇနီးမောင်နှံများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူလျက်ရှိကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) Fertility Centre မှ သိရသည်။

သတင်းစဉ်

## စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူခြင်းနှင့်ပတ်သက်၍ အသိပညာဆွေးနွေး

မိတ္ထီလာ မေ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေများအား ငွေသားစနစ်နှင့် Account Transfer (Mobile Payment) စနစ်ဖြင့် ထုတ်ယူခြင်းနှင့်ပတ်သက်၍ အသိပညာဆွေးနွေးခြင်းကို ယမန်နေ့က ရှမ်းတဲကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အသိပညာပေးဆွေးနွေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲမှ ခရိုင်မန်နေဂျာ ဒေါ်မော်စီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက် (KBZ Pay)တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ချေးငွေ၏ ၅၀ ရာခိုင်နှုန်းကို ငွေသားဖြင့်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်(Mobile Payment) စနစ်ဖြင့်လည်းကောင်း၊ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ထုတ်ချေးမည့်တောင်သူများအား KBZ Pay Account များ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းအပြင် အဆိုပါ အသိပညာပေးဆွေးနွေးခြင်းကို မွေကျေးရွာအုပ်စုနှင့် ကန်သာကျေးရွာအုပ်စုများသို့လည်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာအုပ်စု(၂၄)အုပ်စုမှ တောင်သူ ၂၆၄၈ ဦး၏ စပါး ၃၁၇၅ ဧကနှင့် အခြားသီးနှံစိုက်ဧက ၁၁၆၂၀ စုစုပေါင်း ၁၄၇၉၅ ဧကတို့အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၈၅၇၅ သိန်းကို ထုတ်ချေးသွားရန်လျာထားကြောင်း သိရသည်။

(၄၆၉)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်း လူငယ်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❒ စာမျက်နှာ ၂၄ မှ

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် **"ယနေ့လူငယ်နောင်ဝယ်လူကြီး"**ဆိုသည့် စကားအတိုင်း နောင်လာမည့် အနာဂတ်တွင် နိုင်ငံတော်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့် လူငယ်မောင်မယ်များကို ယခုကဲ့သို့ တွေ့ဆုံအမှာစကားပြောကြားခွင့် ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျောင်းနေအရွယ် လူငယ်မောင်မယ်များသည် ပညာသင်ကြားရမည့် အရွယ်တွင် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ပညာသင်နှစ်များကို ဖြတ်သန်းခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ အခုကဲ့သို့ နွေရာသီအားလပ်ရက်များတွင် လူငယ်မောင်မယ်တို့အတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗဟုသုတတွေ တိုးပွားစေရန် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ၂၀၁၄ ခုနှစ်မှစပြီး နှစ်စဉ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

သင်တန်းများကို မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက် ကာလအတွင်းတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းနှင့်လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ် လေ့ကျင့်ပေးရခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ တစ်ဆင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာကို ပြုစုပျိုးထောင် မြှင့်တင်ပေးရန်နှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက် မြင့်မားစေပြီး အနာဂတ်နိုင်ငံတော်နှင့်တပ်မတော်အတွက်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်ကောင်းများကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များဖြစ်ရန် အမိနိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၏ အဓိကအရေးပါမှုကို သိရှိထားရန် လိုအပ်ကြောင်း။

လူငယ်များသည် ခေတ်သမိုင်းနှင့် အနာဂတ်သမိုင်းအတွက် ပဓာနကျပြီး တန်ဖိုးရှိသည့် ရတနာများပင် ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ကောင်းများလည်းဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များ၏ စွမ်းအားသည် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်းဆုံး အင်အားစုများပင်ဖြစ်သည်ကို လူငယ်မောင်မယ်များအားလုံး သိရှိထားကြရန် မှာကြားလိုကြောင်း။

ပညာပြည့်ဝ နှလုံးလှသည့် လူသား တစ်ယောက်အဖြစ် ရှင်သန် ရပ်တည်နိုင်ရန်အတွက် အကောင်းဆုံး အဖော်မွန်သည် ပညာပင်ဖြစ်ကြောင်း၊ ပညာသည်သာ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်လုပ်ကိုင်နိုင်သည့် ဉာဏ်ရည်ကို ထုဆစ်ပုံဖော်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာဟုဆိုသည့်နေရာတွင် အသိပညာ၊ အတတ်ပညာဟူ၍ ပိုင်းခြားသိမြင်နိုင်ရမည်ပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာကို ပိုင်ဆိုင်ရန် အတန်းပညာသည် အဓိကအခြေခံပင်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများမှတစ်ဆင့် လူသား တစ်ယောက်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူနေမှုအဆင့်အတန်းများသည်လည်း တိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ယနေ့ ပညာတတ်ပေါကြွယ်ဝသည့် နိုင်ငံများသည် ကမ္ဘာပေါ်တွင် ရှေ့ဆုံးမှရပ်တည်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးဆောင်နိုင်ရန်အတွက် ပညာ၏ လက်တွဲခေါ်ဆောင်မှုမှတစ်ဆင့် လူသားတို့၏ ကြိုးစားအားထုတ်မှုများ၊ တီထွင်ကြံဆမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြ၍ တိုးတက်မှုများသည် တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာခဲ့ပြီး လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားစွာ ရပ်တည်ရှင်သန်နေကြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံကြွယ်ဝသည့် လူငယ်များဖြစ်စေရေး ကဏ္ဍစုံတွင် အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဆိုသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် ပဲ့ထိန်းသဖွယ်တည်ရှိနေသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ လူတော်ဖြစ်စေရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်သကဲ့သို့ လူကောင်းဖြစ်စေရန်အတွက်လည်း စာရိတ္တအခြေခံကောင်းများ ပိုင်ဆိုင်ထားရန်လိုအပ်ကြောင်း၊ ၎င်းသည် စာရိတ္တဗလ၏ အရေးပါမှုကို ညွှန်းဆိုထားခြင်းပင်ဖြစ်ကြောင်း၊ လူငယ်မောင်မယ်တို့အနေဖြင့် ယခုလိုငယ်ရွယ်နုပျိုစဉ် ကတည်းက စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက် သွားကြရန် တိုက်တွန်းလိုကြောင်း၊ စာရိတ္တကောင်းမွန်ရန်အတွက် လူငယ်မောင်မယ်တို့သည် သီလကောင်းသည့်လူငယ်များဖြစ်ရန်လိုကြောင်း၊ သီလကောင်းမွန်ပြီး အတ္တနှင့် ပရကို မျှတအောင် နေထိုင်ကျင့်ကြံဆောင်ရွက်နိုင်မှသာ စာရိတ္တမဏ္ဍိုင်၏ အခြေခံခိုင်မာမှုကို စတင်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်တို့ အနေဖြင့် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်နိုင်ပြီဆိုပါက **"ပညာပြည့်ဝ နှလုံးလှ"**သည့် အပြင် **"စွမ်းအားလည်းညီ ခေတ်လည်းမီ"** သည့် မျိုးဆက်သစ်များအဖြစ် အနာဂတ် နိုင်ငံတော်တွင် တစ်ပြိုင်တည်း ထွန်းတောက်လာကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်တို့ နှလုံးသားတွင် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့သည် အမြဲရှင်သန်နိုးကြားနေရန်လည်း လိုအပ်ကြောင်း။

လူငယ်မောင်မယ်တို့ အနေဖြင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် အပြည့်အဝရှိသည့် မျိုးဆက်သစ်များပီပီ နောင်အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်သူများဖြစ်အောင်စတင်ကြိုးစားလျှောက်လှမ်းသွားကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားလိုကြောင်း။

စာပေသည် လူသားတို့၏ နှလုံးသားကို သွန်သင်ဆုံးမပေးနိုင်သည့် ဆရာတစ်ဆူ ဖြစ်သကဲ့သို့ ဘဝများကို ထိန်းကျောင်းပြုပြင်ပေးနိုင်သည့် မိတ်ဆွေအရင်းအချာတစ်ဦးပမာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုသည့်နေရာတွင်လည်း မိမိနှလုံးသား၊ မိမိဘဝ၊ မိမိလူမျိုး၊ မိမိနိုင်ငံအတွက် နှလုံးအာဟာရကောင်းများ ပေးစွမ်းနိုင်သည့် အကျိုးပြုစာပေများကို ရွေးချယ်ဖတ်ရှုကြရန် လိုအပ်ကြောင်း၊ ယနေ့ Social Media အင်အားကြီးထွားလာမှု အပိုင်းတွင် အဆိပ်သင့်စာပေများသည် နေရာအနှံ့ကနေ ပျံ့နှံ့စိမ့်ဝင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း၊ မျိုးဆက်သစ် လူငယ်များသည် စာအုပ်စာပေများနှင့် တဖြည်းဖြည်းဝေးကွာလာခဲ့ကြပြီး Social Media များနှင့် ပိုမိုနီးစပ်သွားကြသည့်အတွက် Social Media များမှတစ်ဆင့် အဆိပ်သင့်သတင်းများ၊ အဆိပ်သင့်စာပေများသည် မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားနှင့် အသိတရားကို အင်အားကြီးမားစွာဖြင့် ချေမှုန်းဖျက်ဆီးပစ်နိုင်သည်ကိုလည်း လူငယ်များအားလုံး သတိပြုဆင်ခြင်ကြရန် လိုအပ်ကြောင်း။

ယနေ့ခေတ် လူငယ်မောင်မယ်တို့ကြားတွင် စာဖတ်သည့် အလေ့အထကောင်းများ ရှားပါးလာသည်ကို တွေ့မြင်လာရကြောင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် လူငယ်မောင်မယ်တို့သည် စာပုံမှန်ဖတ်ဖြစ်သည့် အလေ့အကျင့်တစ်ခုကို စတင်ပျိုးထောင်သွားကြရန်လိုကြောင်း၊ အကျိုးပြုစာပေမျိုးစုံကို ဖတ်ရှုလေ့လာနိုင်လာသည်နှင့်အမျှ မိမိနှစ်သက်စိတ်ဝင်စားရာ စာပေအမျိုးအစားကို မိမိနှလုံးသားက ပိုင်းခြားဆုံးဖြတ်ပေးသွားခြင်းဖြစ်ကြောင်း။

ပညာပြည့်ဝသည့် လူသားတစ်ယောက်၏ စိတ်နှလုံးသားသည် အရာရာကို မှန်မှန်ကန်ကန်နှင့် ရှုမြင်ပိုင်းခြားဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်တို့ အနေဖြင့် ပညာဆိုသည့် အဖော်မွန်ကို လက်တွဲပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည့် နောင်ဝယ်လူကြီးများဖြစ်အောင် ကြိုးစားကျင့်ကြံသွားကြရန် မှာကြားလိုကြောင်း။

အမိမြေကို ကာကွယ်စောင့်ရှောက်နိုင်ရန် ယခုအရွယ်ကတည်းက စတင်ပြီး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသွားကြရန်၊ မိမိဘဝကို ပညာနှင့် အဖော်ပြုပြီး ကောင်းအောင်တည်ဆောက်ကြရန်၊ မိမိတို့ဘဝတစ်လျှောက် ကြုံတွေ့လာခဲ့ရသည့် အတွေ့အကြုံများစွာထဲမှ ကောင်းသည့် အချက်များကိုဆောင်ပြီး မကောင်းသည့် အချက်များကို ရှောင်ရှားကာ မိဘများက ဂုဏ်ယူရသော၊ နိုင်ငံတော်က အားထားရသော **"စွမ်းအားလည်းညီ ခေတ်လည်းမီ"** သည့်နောင်ဝယ်လူကြီးများဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ် မောင်မယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ရာ လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင် ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မဖြိုးသဉ္ဇာလင်းနှင့် လေကြောင်းလူငယ် သင်တန်းမှ မဝင်းသိင်္ဂီတို့က သင်တန်းများတွင် တက်ရောက် သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာ ရှင်းလင်းပြောကြားကြပြီး ကျေးဇူးတင်စကားများပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့မှ လူငယ်မောင်မယ်များနှင့် အုပ်ချုပ်သူနည်းပြများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်သင်တန်းနှင့်လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြသည်။

### ရှင်းလင်းပြသ

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ မတက်ရောက်မီ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေး စက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင် ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၅)မှ သင်တန်းသားများနှင့် တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင် အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ယုံကြည်ချက် ကတော့ ကျွန်တော်ကိုယ်တိုင်ရော၊ နိုင်ငံအတွက်၊ ကျွန်တော်တို့ မိသားစုအတွက်၊ သူငယ်ချင်းတွေအတွက်၊ အားလုံးအတွက် ကျွန်တော်တို့







ရှေ့ကနေ လုပ်ဆောင်သွားမှာသာ နောက်ကညီအစ်ကိုတွေ အားလုံး လိုက်ပါ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ချက်နဲ့ ဒီသင်တန်းကို တက်ရောက်ရခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်တဲ့အတွက် ကောင်းပါတယ်။ နိုင်ငံသားတိုင်း လူငယ်တိုင်းလိုလို ပြည်သူ့စစ်မှုထမ်းကို တက်သင့်တယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ရော နောက်က ညီအစ်ကိုမှန်သမျှ အကုန်လုံး ပြည်သူ့စစ်မှုထမ်း နှစ်နှစ်တာကာလအတွင်း ကျေပွန်စွာ ထမ်းဆောင်သွားမယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော့်မိသားစုကတော့ ဒီနှစ်နှစ်တာ ကာလအတွင်း ကျေပွန်စွာ ထမ်းဆောင်ဖို့ တိုက်တွန်းပေးခဲ့ပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်ယူမိပါတယ်။ နိုင်ငံတော် အတွက် ထမ်းဆောင်ရမယ့် နှစ်နှစ်တာ ကာလအတွင်းမှာ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်လို့ ယုံကြည်ချက်ထားပါတယ်။ သင်တန်းပြီးဆုံးလို့ မိခင်တပ်ရောက်တဲ့အခါ အထက်ကပေးအပ်တဲ့အမိန့်တွေ၊ နိုင်ငံတော်က ပေးအပ်တဲ့အမိန့်တွေကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်လို့ ယုံကြည်ချက်ထားပါတယ်။

၂။ ကောင်းတယ် လို့တော့ ထင်မြင်ပါတယ်။ စစ်မှုထမ်း ကျွန်တော်တို့လို ယောကျ်ားလေးတွေ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ပိုကောင်းသွားတာပေါ့။ ကျွန်တော်ဝါသနာပါတာကြောင့်ရယ်၊ အတင်းဝင်ချင်တာကြောင့် အုပ်ထိန်းသူတွေကို ခွင့်ပြုတောင်းဆိုပြီးတော့မှ ဒီကိုတက်ရောက်ရခြင်း ဖြစ်ပါတယ်။ နောက်ထပ် တက်ရောက်မယ့်သူတွေလည်း စိတ်အားမငယ်ပါနဲ့။ ဒီရောက်လို့ရှိရင် ဆရာတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းပြီးတော့ အခက်အခဲတွေလည်း အကုန်အတူတူ ကျော်လွှားကြပါ။

၃။ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်ကို ကျေပွန်ချင်လို့ ဒီသင်တန်းကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရတော့မယ်ဆိုတော့ ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။ ဒီမှာ စိတ်လည်း အလွန် လှုပ်ရှားပါတယ်။ တပ်မတော်သားတွေမှာ ကျင့်ဝတ် ၆၀ ရှိတယ်လို့ ကြားဖူးပါတယ်။ အဲဒီကျင့်ဝတ် ၆၀ က ဘာတွေလဲဆိုတာ ကျွန်တော် သေချာသင်ယူချင်ပါတယ်။ အပြင်မှာတုန်းက သွားချင်သလိုသွား စားချင်သလိုစား ဒီထဲကို ရောက်ပြီးတဲ့နောက်မှာတော့ စားချိန်တန်စားရတယ်။ အိပ်ချိန်တန် အိပ်ရတယ်။ အကုန်လုံးက စည်းစနစ်တကျနဲ့ သွားရတာဆိုတော့ လူငယ်တွေအတွက် အကျိုးရှိမယ်ထင်ပါတယ်။

**သတင်းစဉ်**





# ဆည်ပေါက်ကျေးရွာ၌ နစ်ရှည်သီးနှံပင်များ ရောင်းအားကောင်းနေ

**ညောင်ဦး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ် ဆည်ပေါက်ကျေးရွာတွင် သစ်ပင်မျိုးစုံ ပျိုးပင်ပေါက်များ မိုးဦးကျချိန်မှ စတင်၍ ရောင်းအားကောင်းလျက်ရှိနေကြောင်း ဆည်ပေါက်ကျေးရွာပျိုးပင်မျိုးစုံ ရောင်းချနေသည့် ပျိုးဥယျာဉ်ခြံပိုင်ရှင်များထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အုပ်စု၊ ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ရွာနှင့် အင်ချောင်းကျေးရွာ သုံးရွာသည် သစ်ပင်မျိုးစုံ ပျိုးထောင်ရောင်းချသည့် ကျေးရွာများဖြစ်ကာ ဆည်ပေါက်ကျေးရွာ တစ်ရွာလုံး သစ်ပင်မျိုးစုံ ပျိုးထောင်ရောင်းချသည့် ကျေးရွာဖြစ်ပြီး မြန်မာပြည်အရပ်ရပ်သို့ ကားတင်ရောင်းချနေသည့် ကျေးရွာဖြစ်ကြောင်း ဆည်ပေါက်ကျေးရွာနေ ဦးထွန်းထွန်းထံမှ သိရသည်။ ဆည်ပေါက်ကျေးရွာတွင် ပျိုးပင်မျိုးစုံ ပျိုးထောင်သည့်လုပ်ငန်းအား တစိုက်မတ်မတ် လုပ်ကိုင်လာသည့် ကျေးရွာဖြစ်သည်နှင့်အညီ လာရောက်ဝယ်ယူသူ များပြားကြောင်း၊ ပျိုးပင်မှာယူသည့်မြို့များသို့ ပို့ဆောင်ရာတွင်လည်း ပျိုးပင်တစ်ပင်ချင်းစီအား စက္ကူသေချာပတ်ကာ ထုပ်ပိုးပို့ဆောင်ခြင်းကြောင့် ပျိုးပင်မှာယူသူများ အကြိုက်တွေ့နေကြောင်း သိရသည်။ ဆည်ပေါက်ကျေးရွာတွင် ပျိုးထောင်ရောင်းချသည့် သစ်ပင်မျိုးစုံများအနက် စိန်တစ်လုံး သရက်နှင့် နှင်းဆီအမျိုးမျိုးမှာ ရောင်းအားအကောင်းဆုံးဖြစ်နေကာ စန္ဒကူး၊ နံ့သာနီ၊ ဩဇာပင်၊ သနပ်ခါး၊ သရက်မျိုးစုံ၊ နှင်းဆီမျိုးစုံ၊ ကီလိုမာလကာ၊ ထွေးပင်၊ ခြောက်လမာလကာ၊ ထိုင်ဝမ်ပိန္နဲ၊ ရိုးရိုးပိန္နဲ၊ ဟော်လန်သံပရာ၊ မြန်မာသံပရာ(သံပရာစစ်)၊ မန်ကျည်း၊ ဆီးပင်၊ ကုက္ကိုယင်းမာ၊ တမာ စသည့် ပင်များ၊ ငွေးတောက်၊ ဆူးပုတ်၊ ဆူးပုတ်ကြီး၊ ဒန့်သလွန်၊ ရွှေပန်း၊ ငွေပန်းများ၊ ဂမုန်းအမျိုးမျိုးတို့အား ပျိုးထောင်ရောင်းချကြကြောင်း သိရပြီး Online ပေါ်တွင် သစ်ပင်မျိုးစုံကြော်ငြာကာ ငွေကြိုတင်လွှဲစနစ်ဖြင့် ရောင်းချကြသည်။

ပျိုးပင်ရောင်းချရာတွင် နှစ်ဦးနှစ်ဖက် ကတိတည်ဖို့လိုကြောင်း ကိုယ့်ခြံမရှိသည့် ပျိုးပင်များအား အခြားခြံမှ ဝယ်ယူပို့ဆောင်ပေးခြင်းများကြောင့် နှစ်ဦးနှစ်ဖက် ကတိတည်ဖို့ အရေးကြီးကြောင်း၊ ယုံကြည်မှုဖြင့် ပျိုးပင်မျိုးစုံရောင်းချခြင်းများက ပိုအဆင်ပြေကြောင်းနှင့် လှိုင်ကော်၊ ရန်ကုန်၊ မန္တလေး၊ ပြည်၊ စစ်ကိုင်း၊ မိတ္ထီလာမြို့များမှ ပျိုးပင်ပေါက်များ ဝယ်ယူမှုများပြားကြောင်းလည်း သိရသည်။

(၄၈၁)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနား အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပ

**မန္တလေး မေ ၂၅**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး ဦးကျော်စွာထွန်း၊ ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင် နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "တိုင်းနိုင်ငံအားလုံး ကျောင်းအပ်ကြစို့ ကွယ်" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြော ကြားရာတွင် ဇွန် (၁)ရက်မှစ၍ ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားသွားတော့မည်ဖြစ်ပြီး မေ ၂၅ ရက်မှ စတင်၍ ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအတွင်း အပြည့်အဝ ကျောင်းအပ်နှံကြရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူရမည့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေး၊ အနိမ့်ဆုံးအဆင့် အခြေခံပညာ အလယ်တန်းဆင့် KG+9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေး၊ အတန်းစဉ်ကူးပြောင်းမှုနှုန်း တိုးတက်မြင့်မားရေး၊ ကျောင်းပြင်ပရောက်ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ကျောင်းများသို့ ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေမြဲစေရေး၊ အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ပညာမသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပညာအထက်တန်းကျောင်းများနှင့်တွဲဖက်၍ ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေး၊ နိုင်ငံသားတိုင်း သတ်မှတ်ကာလတွင် အခြေခံပညာအဆင့် အလိုက်ပြီးမြောက်စေရေးနှင့် ထူးချွန် ထက်မြက်သော လူငယ်လူရွယ်များ၊ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အားဖြည့်လှူဒါန်းပေးခဲ့ကြသည့် စေတနာရှင်အလှူရှင် များဖြစ်သည့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။







၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နိုင်ငံတော်က အခမဲ့ ဖြန့်ဝေသည့် မူလတန်းကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် (၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ကျောင်းဝတ်စုံ(၁)စုံ၊ ခဲတံ(၄)ချောင်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်(၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ဘောလ်ပင် (၂) ချောင်း၊ ခဲတံ(၂)ချောင်းတို့ကို အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊ မိတ္ထီလာ၊ ညောင်ဦး၊ အမရပူရ၊ တံတားဦး၊ ကျောက်ဆည်၊ မြင်းခြံ၊ ရမည်းသင်းခရိုင်တို့မှ ခရိုင်ပညာရေးမှူးများထံသို့ ပေးအပ်ခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများက "ပညာသည်သာ ရတနာ"၊ "မိုးဦးအလှစိမ်းစိုမြ" ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းအပ်နှံခြင်းများကို လက်ခံဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်က အခမဲ့ ဖြန့်ဝေသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ထုတ်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



ကျန်းမာ စိတ်ရွှင် ကြည်လင်ချင် အချိန်ရှိခိုက် သစ်ပင်စိုက်။

သတင်း-စာမျက်နှာ ၆













## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဆင်း

**မြစ်သား မေ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ပြည်သူ့စွမ်းဆောင်ရည်မြှင့်တင်ရေး အသက်မွေးကျောင်းအထောက်အကူပြု လက်သမားသင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းသားများအနေဖြင့် သင်ယူတတ်မြောက်ထားသည့် လက်သမားပညာရပ်ကို အကျိုးရှိရှိ လက်တွေ့အသုံးချဆောင်ရွက်လုပ်ကိုင်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက အသက်မွေးကျောင်းအထောက်အကူပြု သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် သင်တန်းနည်းပြများက မေ ၅ ရက်မှ ၁၉ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

(၄၄၅)

## မိုးကြိုပလား အပျော်တန်းပူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**သရက် မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ မိုးကြိုဖလား အပျော်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ဖူဆယ်ကွင်း၌ ဖွင့်ပွဲကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကားပြောကြားသည်။ ပြိုင်ပွဲတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်စု(၂)စုခွဲ၍ ပြိုင်ပွဲကို မေ ၂၄ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံမှ ရှန့်ကျိုး-၂၃ အာကာသယာဉ်မှူးအဖွဲ့ တီယန်ကောင်း အာကာသစခန်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့



**ပေကျင်း မေ ၂၅**

တရုတ်နိုင်ငံမှ ရှန့်ကျိုး-၂၃ အာကာသယာဉ်မှူးအဖွဲ့သည် တီယန်ကောင်း အာကာသစခန်း အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရှန့်ကျိုး-၂၁ အာကာသယာဉ်မှူးများနှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသစ်ရောက်ရှိလာသည့် အဖွဲ့ဝင်များဖြစ်ကြသော ခရီးစဉ်မှူးနှင့် အာကာသပျံသန်းရေး အင်ဂျင်နီယာ ဗိုလ်မှူးကြီး ကျူးရန်ကျူး၊ အာကာသယာဉ်မှူး ဗိုလ်မှူးကြီး ကျန်းကျိုယွမ်နှင့် ဝန်ဆောင်မှု သိပ္ပံပညာရှင် လိုင်ခါးယင်တို့ကို တရုတ်နိုင်ငံအနောက် မြောက်ပိုင်းရှိ ကျိုချွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ တနင်္ဂနွေနေ့ ည ၁၁ နာရီ ၈ မိနစ်တွင် လောင်းမတ်ချ်-၂ အက်ဖ် သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် သုံးနာရီခွဲခန့် ပျံသန်းပြီးနောက် မေ ၂၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် တရုတ်အာကာသစခန်း၏ ဗဟိုချက်ဖြစ်သော ထျန်းဟေပင်မအာကာသစခန်းခွဲ၏ ရှေ့ဘက်ဝင်ပေါက်နှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

**Mon**

## အဆိပ်သင့်ဓာတုပစ္စည်း ယိုစိမ့်မှုကို ထိန်းချုပ်နေစဉ်အတွင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အရေးပေါ်အခြေအနေ ကြေညာ



**ဝါရှင်တန် မေ ၂၅**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် အောရိန်းချ်ဒေသရှိ ကုန်ထုတ်လုပ်မှုစက်ရုံတစ်ခုတွင် ဖြစ်ပွားနေသည့် အဆိပ်သင့်ဓာတုပစ္စည်း ယိုစိမ့်မှုကို ထိန်းချုပ်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ခဲခဲယဉ်းယဉ်း ကြိုးပမ်းနေရစဉ်အတွင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုပြီး အလွန်အမင်း မငြိမ်မသက်ဖြစ်ကာ မီးလောင်လွယ်သော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်သည့် မီသိုင်းမက်သကရီလိတ် ဂါလန် ၇၀၀၀ ခန့် ဆံ့သော ကန်တစ်ခုသည် ပျက်စီးနိုင်ခြေရှိကြောင်း တာဝန်ရှိသူများက သတိပေးထားပြီး ကြိုတင်ကာကွယ်မှုအဖြစ် ဂါဒန်ဂရုဗ်မြို့ခံ ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားသည်။

အဆိုပါကန်တွင် အက်ကြောင်းတစ်ခု ဖြစ်ပေါ်နိုင်ခြေရှိသည်ကို တွေ့ရှိထားကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

"ဒီကန်က ကွဲအက်ပြီး ယိုစိမ့်မလား ဒါမှမဟုတ် ပေါက်ကွဲသွားမလား" ဆိုသည့် အခြေအနေနှစ်ရပ်အတွက် ကြိုတင်ပြင်ဆင်ထားသည်ဟု အောရိန်းချ်ဒေသ မီးသတ်ဌာနခွဲအရာရှိချုပ် ခရိတ်ကိုဗေး ယခင်က ပြောကြားခဲ့ဖူးကြောင်း သိရသည်။

**Mon**

## ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုပမာဏ ငါးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွား



**ဘန်ကောက် မေ ၂၅**

ပို့ကုန်ကဏ္ဍ အနှောင့်အယှက်ဖြစ်ရခြင်းနှင့် စွမ်းအင်စျေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ဧပြီလတွင် ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားသည်ဟု ထိုင်းစက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မော်တော်ယာဉ်ထုတ်လုပ်မှုသည် မတ်လတွင် ၂ ဒသမ ၆၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးနောက် ဧပြီလတွင် ယခင်နှစ် အလားတူကာလထက် သုည ဒသမ ၄၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး ထုတ်လုပ်မှုအရေအတွက် ၁၀၃၇၉၄ စီး ရှိသည်။

ပြည်တွင်းရောင်းအားမှာ ဘန်ကောက်မော်တော်ယာဉ်ပြပွဲအတွင်း ကြိုတင်မှာယူမှုများကြောင့် ၂ ဒသမ ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး မော်တော်ယာဉ်စီးရေ ၄၈၃၉၄ စီး ရှိခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၆ သားပေါက်ရာသီအတွင်း ရှားပါးလိပ် ၂၉၇ ကောင် ပေါက်ပွား

**ဖနောင်ပင် မေ ၂၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၆ သားပေါက်ရာသီအတွင်း မျိုးစိတ်နှစ်ခုတွင် ရှားပါးလိပ် ၂၉၇ ကောင်ကို ၎င်းတို့၏ အသိုက်များမှ ပေါက်ပွားခဲ့ကြောင်း ကမ္ဘောဒီးယားတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ (WCS) က မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

Cantors Giant Softshell လိပ်သားပေါက်ကောင်ရေ ၂၅၇ ကောင်ခန့်ကို မဲခေါင်မြစ်တစ်လျှောက်ရှိ သဲသောင်ပြင်များတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုအချိန်အထိ အသိုက် ၁၄ ခုအနက် အသိုက် ၁၂ ခုတွင် လိပ် ၂၅၇ ကောင် အောင်မြင်စွာ ပေါက်ပွားခဲ့ကြောင်း၊ ကျန်ရှိသည့်အသိုက်နှစ်ခုကိုလည်း ထိန်းသိမ်းရေးအဖွဲ့များက စောင့်ကြည့်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၆ သားပေါက်ရာသီတွင် တော်ဝင် လိပ်သားပေါက် ၄၀ အောင်မြင်စွာ ပေါက်ပွားခဲ့ကြောင်း၊ ယင်းမှာ ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ လိပ် ထိန်းသိမ်းရေးအဖွဲ့အတွက် အကြီးမားဆုံး အောင်မြင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကော့ကောင် (Koh Kong) နှင့် ပရက်ဆီဟာမ်နော့ (Preah Sihanouk) ပြည်နယ်တို့အတွင်း Sre Ambel မြစ်တစ်လျှောက် တော်ဝင်လိပ်သားပေါက် အကောင်ရေ ၄၀ ကို ထိန်းသိမ်းရေးအဖွဲ့များက အသိုက်သုံးခုအတွင်းရှိ ဥ ၅၀ မှ ပေါက်ပွားခဲ့သည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံ၏ တော်ဝင်လိပ်များကို တွေ့ရစဉ်။




## တရုတ်နိုင်ငံက လှူဒါန်းမည့် ဆန်များအနက် ပထမဆုံးအသုတ်ကို ကာရစ်ဘီယံကျွန်းနိုင်ငံဖြစ်သော ကျူးဘားနိုင်ငံက လက်ခံရရှိ

**ဟာဗားနား မေ ၂၅**

ကာရစ်ဘီယံကျွန်းနိုင်ငံဖြစ်သော ကျူးဘားနိုင်ငံသည် လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနေရစဉ်အတွင်း တရုတ်နိုင်ငံထံမှ လှူဒါန်းရန် မျှော်မှန်းထားသည့် ဆန်တန်ချိန် ၆၀၀၀၀ ခန့်အနက် ပထမဆုံးအသုတ် ပေးပို့မှုကို လက်ခံရရှိသည်ဟု ယမန်နေ့က ကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကျူးဘားသမ္မတ မီဂွယ်ဒီယက်ဇ်ကာနယ်က ပထမဆုံးအသုတ်ဖြစ်သည့် ဆန်တန်ချိန် ၁၅၀၀၀ သည် တစ်ရက်စော၍ ဟာဗားနားဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြောင်း တနင်္ဂနွေနေ့တွင် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အတည်ပြုပြောကြားသည်။

ဆက်လက်၍ ၎င်းက တရုတ်နိုင်ငံကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ကြောင်း သိရသည်။

**Mon**

# ကျောင်းကျန်းမာရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်



**မန္တလေး မေ ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား၊ကျောင်းသူများ ခြင်မှတစ်ဆင့် ကူးစက်နိုင်သည့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန် ကျောင်းကျန်းမာရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၂ ရက် နံနက်ပိုင်းက အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ကျောင်းကျန်းမာရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



## စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးဘေးအန္တရာယ်အသိပညာပေးဟောပြော

**ကျောက်မဲ မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ ရပ်ကွက်(၁)ရှိ Regency စက်သုံးဆီဆိုင်၌ မေ ၂၄ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုသို့ ကျောက်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဉာဏ်မြင့်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ဆီဆိုင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိက မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့နိုင်သည့် "191 Application" အသုံးပြုပုံ၊ မီးဘေးကြိုတင်ပြင်ဆင်မှုများနှင့် မီးလောင်ပါက အရေးပေါ်တုံ့ပြန်ရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားပါက ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**ဒိုက်ဦး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၌ လိုင်စင်မဲ့ ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၈နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒိုက်ဦး-နှင်းဝိသွားလမ်း၊ လူထုမေတ္တာတံတားအနီးတွင် ဒိုက်ဦးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နှင်းဝိကျေးရွာမှ ဒိုက်ဦးမြို့ဘက်သို့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်နေ နေထူးလွင်(ခ)နေ့သစ်(၁၇)နှစ်ဆိုသူ မောင်းနှင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ အောင်မင်းနိုင်(၄၂)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA CLICK 125 ဆိုင်ကယ်၊ ပဲခူးမြို့နယ်နေ အောင်မြင့်မြတ်(၁၇)နှစ်ဆိုသူ မောင်းနှင်ပြီး မွန်ပြည်နယ်၊သထုံမြို့နယ်နေ ဇေယျာကျော်(၃၇)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA CLICK 125 ဆိုင်ကယ်၊ ကရင်ပြည်နယ်၊မြဝတီမြို့နယ်နေသူများဖြစ်ကြသည့် နေလင်းထွန်း(၂၆)နှစ် ဆိုသူ မောင်းနှင်လာသည့် HONDA SCOOPY Club 12 ဆိုင်ကယ်၊ ကိုဦး(ခ)ပိုင်စိုးဟိန်း(၁၉)နှစ် ဆိုသူ မောင်းနှင်ပြီး ထွန်းလင်း(၄၇)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA SCOOPY Club 12 ဆိုင်ကယ်နှင့် ထိုက်ထိုက်(၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA CLICK 125 ဆိုင်ကယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်နေသူများဖြစ်ကြသည့် စည်သူဖြိုး(၁၈)နှစ် ဆိုသူ မောင်းနှင်လာသည့် HONDA CLICK 125 ဆိုင်ကယ်နှင့် မြင့်မြတ်သူ(ခ)မြတ်သူ(၁၇)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA CLICK 125 ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်များနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် နေထူးလွင်(ခ)နေ့သစ်(ပါ-၁၀)ဦးဆိုသူတို့အား ဒိုက်ဦးမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကာ တစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး(လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၁၀ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ငူအင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖြူးမြို့မှ ကျောက်တံခါးမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ သက်မျိုးနိုင်(၄၂)နှစ်ဆိုသူမောင်းနှင်သည့် MITSUBISHI CANTER ခြောက်ဘီးမော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ကျောက်တံခါးမြို့နယ်၊ တောင်ငူအင်းမြို့၊ ရွာမရပ်ကွက်နေ အောင်ပြည့်ဦး(၁၈)နှစ်ဆိုသူမောင်းနှင်ပြီး ညီဖြစ်သူ သန့်ဇင်ဦး(၁၅)နှစ်ဆိုသူ လိုက်ပါလာသော BGO/83W---ဆိုင်ကယ်နှင့်လမ်းလယ်တွင် မျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့သဖြင့် သန့်ဇင်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အောင်ပြည့်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် အောင်ပြည့်ဦးနှင့် သက်မျိုးနိုင်ဆိုသူတို့နှစ်ဦးအား တောင်ငူအင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



## ထန်းတပင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီ ၄၅ မိနစ်က ထန်းတပင်မြို့နယ်၊ ကျောင်းစုရပ်ကွက်အနီးတွင် စိုးနိုင်ဆိုသူမောင်းနှင်ပြီး သန်းထွေးဆိုသူ လိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀,၀၀၀၊ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၁၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးနိုင်(၃၃)နှစ်နှင့် သန်းထွေး(၅၂)နှစ်ဆိုသူတို့အား တက်သစ်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ထားဝယ် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၈ နာရီ ၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့နယ်၊ ဗျောတောဝရပ်ကွက်၊ အာဇာနည်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဗိုလ်ချုပ်ကြေးရုပ်ဘက်မှ နဂါးသုံးကောင်လမ်းဆုံဘက်သို့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ရန်တောင်ကျေးရွာနေ အောင်မင်းဝေ(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA SUCCEED မော်တော်ယာဉ်သည် အောင်သီရိလမ်းဘက်မှ အာဇာနည်လမ်းပေါ်သို့ ရုတ်တရက်ဖြတ်တက်မောင်းနှင်သည့် ထားဝယ်မြို့နယ်၊ ကျောက်မော်ရပ်ကွက်နေ ဦးကျော်မင်းလှိုင်(၄၈)နှစ်ဆိုသူ မောင်းနှင်ပြီး ၎င်း၏သမီးဖြစ်သူ မအေမီမီမင်း(၇)နှစ်ဆိုသူ လိုက်ပါလာသည့် WAVE 100 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိပြီး မော်တော်ယာဉ်မှာ လမ်းဘေးအုတ်နံရံအား ထပ်မံတိုက်မိခဲ့သဖြင့် ဦးကျော်မင်းလှိုင်နှင့်မအေမီမီမင်းဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျော်မင်းလှိုင်နှင့် အောင်မင်းဝေဆိုသူတို့အား ထားဝယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် ကျုံဒိုး-ကော့ကရိတ်-သင်္ကန်းညီနောင် ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးစွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်း ဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကယားပြည်နယ် ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးစွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်း ဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၆၃၅ လုံးအားရှာဖွေဖော်ထုတ်ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမဆောင်ရွက်နိုင်စေရေးအတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း (၁၊ ၂၊ ၃)သတ်မှတ်၍ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ KK Park နယ်မြေရှိ တရားမဝင် အဆောက်အအုံအားလုံး ရာနှုန်းပြည့် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး တရားမဝင် အဆောက်အအုံ ၃၂၂ လုံးကို ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အား ချိတ်ပိတ်၍ ဖြိုချဖျက်ဆီးနိုင်ရေး အဆောက်အအုံအမျိုးအစားအလိုက် ပထမဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဒုတိယအဆင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ကို အဆင့် နှစ်ဆင့်ဖြင့် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ ပထမအဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး အနက်မှ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် လေးထပ် အဆောက်အအုံ နှစ်လုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ပြီး ယခင် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ဖျက်ဆီးပြီးဖြစ်သဖြင့် စုစုပေါင်း အဆောက်အအုံ သုံးလုံးကို ဖျက်ဆီးပြီးဖြစ်ရာ တရားမဝင် အဆောက်အအုံ ၇၇ လုံးအနက် ဖြိုချဖျက်ဆီးရန် တရားမဝင် အဆောက်အအုံ ၇၄ လုံးကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်







ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လေးထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးသည့်အခြေအနေကို တွေ့ရစဉ်။




## ဆန်းဒါးလန်းအသင်း နှစ်ပေါင်း(၅၃)နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ယူရိုပါလိဂ်ဝင်ခွင့်ရရှိ

**လန်ဒန် မေ ၂၅**

ပရီးမီးယားလိဂ်ကလပ် ဆန်းဒါးလန်းအသင်းသည် နှစ်ပေါင်း (၅၃)နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဥရောပယူရိုပါလိဂ် ဝင်ခွင့်ရရှိခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်တွင် ချဲလ်ဆီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့်(၇)နေရာတွင် ရပ်တည်ပြီး ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ဆန်းဒါးလန်းအသင်း ယူရိုပါလိဂ်ဝင်ခွင့် ရရှိပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

ထို့ပြင် ဆန်းဒါးလန်းအသင်းသည် တန်းတက်ပြီး တစ်နှစ်အကြာတွင် ဥရောပဝင်ခွင့်ရရှိသည့် အသင်းအဖြစ်လည်း စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

**(အောက်ပုံ)**

**(NGB)**



## နည်းပြ ဘင်နီတက်ဇ်ကို နည်းပြရာထူးမှ ပါနာသီနာကို့စ်အသင်းထုတ်ပယ်

**လန်ဒန် မေ ၂၅**

ဂရိကလပ် ပါနာသီနာကို့စ်အသင်းသည် အသင်းနည်းပြ ဘင်နီတက်ဇ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပါနာသီနာကို့စ်အသင်းကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာ ၂၄ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၀ တွင် ၁၉ပွဲနိုင်၊ ၁၁ပွဲသရေ၊ ၁၀ပွဲအထိ ရှုံးနိမ့်ခဲ့မှုကြောင့် အသင်းက နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

ပါနာသီနာကို့စ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြဘင်နီတက်ဇ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေ ခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**



## ပရီးမီးယားလိဂ်တစ်ရာသီအတွင်း ဂိုးပန်တီးမှုအများဆုံး ကစားသမားအဖြစ် ဘရူနိုဖာနန်ဒက်စ် မှတ်တမ်းဝင်

**လန်ဒန် မေ ၂၅**

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် (ဂိုဖန်တီးမှု ၂၁ကြိမ်)သည် အွန်နရီ၊ ဒီဘရိုင်း(ဂိုဖန်တီးမှု ၂၀ကြိမ်)အား ကျော်ဖြတ်ကာ ပရီးမီးယားလိဂ်တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်အဖြစ် မန်ယူအသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒေါ်ဂူ သွင်းယူသည့် သွင်းဂိုးအား ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ကိုးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အားလုံးရဲ့ အကူအညီမပါဘဲနဲ့ ဒါဟာမဖြစ်နိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ ယခုမှတ်တမ်းကြောင့် ကောင်းတဲ့ဘောလုံးရာသီတစ်ခုကို ဖြတ်သန်းနိုင်ခဲ့ပါပြီ" ဟု ပြောသည်။




**(ဝဲပုံ) (NGB)**

## ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အငယ်ဆုံးပွဲထွက်ကစားခွင့်ရသူအဖြစ် ဒေါ်မန်း မှတ်တမ်းဝင်



**လန်ဒန် မေ ၂၅**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒေါ်မန်း (အသက် ၁၆နှစ်၊၁၄၄ရက်)သည် ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အငယ်ဆုံး ပွဲထွက်ကစားခွင့်ရသူအဖြစ် စံချိန်မှတ်တမ်း တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပွဲထွက်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒေါ်မန်းသည် အာဆင်နယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ပြီးနောက် အသက်အငယ်ဆုံး ပရီးမီးယားလိဂ်ချန်ပီယံအဖြစ်လည်း မှတ်တမ်းစိုက်ထူနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား ဒေါ်မန်းသည် အာဆင်နယ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ပွဲကစားပြီး တစ်ဂိုး သွင်းယူ ခြေစွမ်းပြထားသည်။

**(ဝဲပုံ)**

**(NGB)**

## စပိန်လာလီဂါ ဂိုးသွင်းဘုရင်ဆုကို အမ်ဘာပေ ဆွတ်ခူး

**မက်ဒရစ် မေ ၂၅**

၂၀၂၅-၂၀၂၆ဘောလုံးရာသီ စပိန်လာလီဂါ ဂိုးသွင်းဘုရင်ဆုကို ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အမ်ဘာပေက ဆွတ်ခူးခဲ့ရရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ ၃၁ ပွဲ ယှဉ်ပြိုင်ကစားကာ ၂၅ဂိုး သွင်းယူပြီး ဂိုးသွင်းဘုရင်ဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အမ်ဘာပေသည် စပိန်လာလီဂါ ဂိုးသွင်းဘုရင်ဆုကို နှစ်နှစ်ဆက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အမ်ဘာပေက "ကျွန်တော် အခုလို ဂိုးသွင်းဘုရင်ဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းဖော်တွေရဲ့ ပံ့ပိုးမှုကြောင့်သာ ဒီဆုကို ရရှိခဲ့တာပါ။ နောက်ထပ်လည်း ယခုလိုဆုတွေ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**





## ဝက်စ်ဟမ်းအသင်း အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရ

**လန်ဒန် မေ ၂၅**

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်မှ အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်တွင် လိဒ်စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း အမှတ်ပေးဇယား အဆင့်(၁၈)နေရာတွင် ရပ်တည်ကာ အဆင့်(၁၇)နေရာမှ စပါးအသင်းနှင့် နှစ်မှတ်သာကွာဟပြီး တန်းဆင်းခဲ့ရသည်။

ဝက်စ်ဟမ်းအသင်းသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနောက်ပိုင်း အင်္ဂလိပ်ချန်ပီယံရှစ်သို့ ပြန်လည်တန်းဆင်းခဲ့ရသည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်မှ အင်္ဂလိပ်ချန်ပီယံရှစ်သို့ ဝက်စ်ဟမ်း၊ ဘန်လေ၊ ဝုဖ်အသင်းတို့ တန်းဆင်းခဲ့ရသည်။

**(အပေါ်ပုံ) (NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ရွှေဖိနပ်ဆုကို ဟာလန်းဆွတ်ခူး

**လန်ဒန် မေ ၂၅**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ရွှေဖိနပ်ဆုကို မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၃၅ ပွဲကစားပြီး ၂၇ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလိဂ် ရွှေဖိနပ်ဆုကို တတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမယ့် ရာသီတိုင်းမှာလည်း ယခုလို ဆုတွေ ဆက်လက်ဆွတ်ခူးနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ။ ပြီးတော့ အနာဂတ်မှာ မန်စီးတီးအသင်းနဲ့အတူ ဆုဖလားမြောက်မြားစွာကိုလည်း သိမ်းပိုက်သွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## 2026 Makarska Open
## တင်းနစ်ပြိုင်ပွဲ ဇွန် ၂ ရက်တွင် စတင်မည်

**ဒူဗရော့ဗ်နစ်ခ် မေ ၂၅**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Makarska Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Makarska Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၂ရက်မှ ၈ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Makarska Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Makarska Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ချက်တင်းနစ်မယ် Sara Bejlek ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ

**မန္တလေး မေ ၂၅**

ရက်(၁၀၀)စီမံချက်အရ ပြည်သူလူထု၏ လိုအပ်ချက်များ၊ တင်ပြချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ညှိနှိုင်းဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူများနှင့် တွေ့ဆုံရာတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားခဲ့ သည်။

ချမ်းအေးသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ နှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီ က ရန်မျိုးလုံရပ်ကွက်၊ အကွက် (၇၄၈)ရှိ ကိုးနဝင်းမွှာရုံတွင် ကျင်းပရာ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက ရက်(၁၀၀)စီမံချက်အရ ပြည်သူများ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို မှတ်သားပြီး ပြည်သူ့လွှတ်တော်တွင် တင်ပြဆွေးနွေးနိုင်ရေးအတွက် ယခုကဲ့သို့ ကွင်းဆင်းရခြင်းဖြစ်ကာ ပြည်သူ့အကျိုးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြည်သူများက ယုံကြည်စွာဖြင့် တာဝန်ပေးအပ်ခဲ့သည့်အတွက် ပြည်သူများ၏အကျိုးကို စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူလူထုမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဥက္ကဋ္ဌ ကျော်ကျော်ဌေးက လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ပါတီကော်မတီဝင်များလည်း လိုက်ပါကွင်းဆင်းဆောင်ရွက်ခြင်းသည် မိဘပြည်သူများ အပေါ်ထားရှိသော ပါတီ၏သဘောထား စေတနာအမှန်ပင်ဖြစ်ကြောင်း၊ လိုအပ်ချက်မှန်သမျှကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက သက်ဆိုင်ရာလွှတ်တော်များကို တင်ပြပေးသွားမှာဖြစ်သလို ပါတီအနေဖြင့်လည်း အထက်ဌာနများကို တင်ပြပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာအတွက် အကျိုးရှိသည့် တင်ပြချက်များကို တင်ပြကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့သည် ရပ်ကွက်ပြည်သူများ တင်ပြချက်အရ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးကာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်မျိုးလုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ချန်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မောရဂီဝါ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၄၁)

၀-၀-၀-၀-၀

၀-၀-၀-၀



## ရတနာပုံတက္ကသိုလ်၌ ရက်(၁၀၀)စီမံချက်အစီအစဉ် အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုသင်တန်းပို့ချ

**မန္တလေး မေ ၂၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ရတနာပုံတက္ကသိုလ်တွင် ရက်(၁၀၀)စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်အရ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားရေးနှင့်စီမံရေးရာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် လုပ်ငန်းသုံး အင်္ဂလိပ်စာဘာသာရပ် တတ်ကျွမ်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပို့ချမည့် အင်္ဂလိပ်စာ (အရေး၊အဖတ်၊အပြော၊ အကြား) အရည်အသွေးမြှင့်တင်မှုသင်တန်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ အင်္ဂလိပ်စာဌာန၌ သင်ကြားပို့ချသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုသင်တန်းကို မေ ၂၁ ရက်မှ ဇွန် ၅ ရက်အထိ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအိအိစိုးမင်းနှင့် ဆရာ၊ ဆရာမများက သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဘာသာရပ်ဌာန အသီးသီးမှ ဆရာ၊ ဆရာမများနှင့် စီမံရေးရာဝန်ထမ်း စုစုပေါင်း ၁၄၀ ဦး တက်ရောက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၂)

၀-၀-၀-၀-၀

## မိုးနေကြာ(ဆင်းရွှေကြာ-၂)မျိုးစေ့ထုတ် နေကြာမျိုးမြှင့်တင်ရေး မျိုးစေ့များပေးအပ်

**တပ်ကုန်း မေ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် မိုးနေကြာ (ဆင်းရွှေကြာ-၂) မျိုးစေ့ထုတ် (Recurrent Mass Selection) နေကြာမျိုး မြှင့်တင်ရေး ဧက ၂၀အတွက် မျိုးစေ့များပေးအပ်ခြင်းကို မေ ၂၂ရက် မွန်းလွဲ ၃နာရီက ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထိုမျိုးစေ့ပေးအပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆီထွက်သီးနှံစိုက်ပျိုးရန်လျာထားဧက ၅၇၈၂၅ အနက်၊ နေကြာသီးနှံ ၂၆၅၂ ဧက လျာထားစိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ဌာနအနေမှ မိုးနေကြာမျိုးစေ့ထုတ် (Recurrent Mass Selection) နေကြာမျိုးမြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အကဲဖြတ်ရွေးချယ်ရမည့်အချက်များဖြင့် ပင်စည်တုတ်ခိုင်မှု မရှိသော၊ အပင်ပုသော၊ အပွင့်သေးသော၊ ကိုင်းဖြာသော မျိုးများအား ပန်းပွင့်ချိန်မတိုင်မီ နုတ်ပယ်ရေး၊ ရိတ်သိမ်းချိန်တွင် ပင်စည်ရိုးတံတုတ်ခိုင်သော၊အပင်ငိုက်၍ ဂုတ်တောင့်သော၊ ရောဂါကင်းစင်သော၊ အပွင့်အချင်း ၆ လက်မနှင့်အထက်ရှိသော အပွင့်များအား ရွေးချယ်ရေး၊ အပွင့်ကော့၍ အပွင့်အလယ်ထိ အဆံပြည့်သော အပွင့်များအား ရွေးချယ်ရေး၊ ရွေးချယ်ရရှိသော အပွင့်များအား စုပေါင်းသိမ်းဆည်းကာ နောက်ရာသီတွင် မျိုးအဖြစ် ဆက်လက်အသုံးပြုရေး အစရှိသည့် နေကြာမျိုးမြှင့်တင်ခြင်း နည်းပညာတို့ကို ဆွေးနွေးပြီးနောက် တောင်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ပြန်လည်ဖြေကြားကြပြီး မိုးနေကြာ (ဆင်းရွှေကြာ-၂)မျိုးစေ့ထုတ် စိုက်ပျိုးမည့် တောင်သူ ၁၀ ဦးအား စိုက်ဧက ၂၀ အတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်ရရှိခဲ့



**မန္တလေး မေ ၂၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပဈေးကွက်နိုင်ငံများသို့ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ အချက်အလက်များအရ သိရသည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇၇ သန်းကျော်၊ ပြောင်း တန်ချိန် ၁ ဒသမ ၂၃ သန်းကျော်နှင့် နှမ်းတန်ချိန် ၁၁၇,၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်ဆီ တင်ပို့လျက်ရှိပြီး အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့က အဓိက ဝယ်လက်နိုင်ငံများဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးမှုကို ကြည့်ရင် ဆန်စပါးပြီးပါက စိုက်ပျိုးဧရိယာဒုတိယအများဆုံးဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးရေးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လက်ရှိစိုက်ပျိုးနေသည့် စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်ပါက နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ရွှေမန်း)

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်း ဆောင်ရွက်

**ချောက် မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်၊ ချောင်းတက်ကျေးရွာအုပ်စု၊ ချောင်းတက်ကျေးရွာတွင် ရက်(၁၀၀) စီမံချက်အစီအစဉ်ဖြင့် ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို မေ ၂၄ ရက် နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လေဟာခိုင်ရှိန်း ဦးဆောင်ပြီး ဝန်ထမ်းများက ချောင်းတက်ကျေးရွာရှိ ကျွဲ၊ နွားမွေးမြူသူတောင်သူများအား ဌာနက ရက်(၁၀၀)စီမံချက်ဖြင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း၊တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအကြောင်းများ အသိပညာပေးဟောပြောခြင်းနှင့် မွေးမြူရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ချောင်းတက်ကျေးရွာအတွင်းရှိ တောင်သူ ၁၁၀ ဦး မွေးမြူထားရှိသည့် ၁၉၆ ကောင်အား ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

၀-၀-၀-၀-၀



## မေလတတိယ ၁၀ ရက်ပတ်အတွင်း ဧရာဝတီမြစ်ရေ မြို့ရှစ်မြို့တွင် ငါးပေအထိ မြင့်တက်နိုင်

**မန္တလေး မေ ၂၅**

၂၀၂၆ ခုနှစ် မေလ တတိယ ၁၀ ရက်ပတ်အတွင်း ဧရာဝတီမြစ်ရေသည် မြို့ရှစ်မြို့တွင် နှစ်ပေမှ ငါးပေခန့်အထိ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေမှ ငါးပေခန့်အထိ မြင့်တက်လာနိုင်သည်။

ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်မူ မြစ်ရေသည် ပေဝက်မှ တစ်ပေခန့်အထိ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အခြားသော မြစ်များ၏ ရေမှတ်များလည်း မြင့်တက်လာနိုင်သဖြင့် မြစ်ကမ်းနားနှင့် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုက်တွန်းထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## စဉ့်ကူးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းဆောင်ရွက်

**စဉ့်ကူး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်ထားရာ ယနေ့ နံနက် ၉ နာရီမှစ၍ စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံနေသည်။



အဆိုပါ ကျောင်းအပ်လက်ခံရာသို့ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းတို့က လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စဉ့်ကူးမြို့နယ်အတွင်းရှိ ကျောင်းများတွင် သက်ဆိုင်ရာ အတန်းများအလိုက် ကျောင်းအုပ်ကြီးများနှင့် အတန်းပိုင်ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံခြင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်နှင့် မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံနှင့် ခဲတံ လေးချောင်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့်အတွက် ခဲတံ နှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းစီတို့ကို (အခမဲ့) ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

တင်စာလွင်(ပြန်/ဆက်)

## ဘုတလင်၊ ချောင်းဦး၊ ဒီပဲယင်းမြို့နယ်နှင့် ယင်းမာပင်ခရိုင်တို့တွင် မိုးသီးနှံများစိုက်ပျိုးသွားမည်

**ဘုတလင် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်နှင့် ယင်းမာပင်ခရိုင်များတွင် ဟင်းသီးဟင်းရွက်၊ မြေပဲ၊ ပြောင်းနှင့် ပဲတီစိမ်းများကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ဘုတလင်မြို့နယ်တွင် လာမည့် ဇွန်လပထမပတ်မှစတင်၍ ပဲတီစိမ်းဧက ၁၁၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ပြီး ချောင်းဦးမြို့နယ်တွင် ပြောင်းသီးနှံ ဧက ၁၃၀၀ ကျော်၊ ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော်နှင့် ယင်းမာပင်ခရိုင်တွင် မြေပဲဧက ၃၃၀၀၀ ကျော်ကို မိုးသီးနှံအဖြစ် စိုက်ပျိုးသွားကြမည်ဖြစ်သည်။



"ဘုတလင်မှာ ပဲတီစိမ်းကို အထွက်တိုးအောင် အခုထက်ပိုစိုက်ကြရမှာပါ။ ပဲတီစိမ်းက ဈေးကောင်းရတဲ့အတွက် စိုက်တဲ့တောင်သူတွေ စိတ်ဝင်စားကြပါတယ်"ဟု ဘုတလင်မြို့နယ်မှ တောင်သူ ဦးမှတ်က ပြောသည်။

ဘုတလင်မြို့နယ်တွင် အများအပြားစိုက်ပျိုးကြမည့် ပဲတီစိမ်းကို အထွက်တိုးအောင် စိုက်နိုင်မည်ဆိုလျှင် ဒေသတွင်းဖူလုံရုံသာမက ပိုလျှံလျှင် ဈေးကောင်းစောင့်ကာ ရောင်းချနိုင်မည်ဖြစ်သောကြောင့် တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် ပြင်ဆင်လျက်ရှိကြသည်။

"ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၅၀ နဲ့ ဖူးစားပြောင်းဧက ၁၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီဖို့နဲ့ အထွက်နှုန်းတိုးဖို့အတွက် ပိုးမွှားမကျရောက်အောင် အသိပညာပေးလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောသည်။

ဒီပဲယင်းမြို့နယ်တွင် ဇွန်လပထမပတ်မှစတင်၍ ဟင်းသီးဟင်းရွက် ၁၉၂၃ ဧကကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ရန်နှင့် ကျန်းမာရေးနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်များထွက်ရန် စတင်စိုက်ပျိုးစဉ်ကတည်းက ဂရုပြုစိုက်ပျိုးသွားမည်ဖြစ်သည်။

ချင်းတွင်းမြစ်အနောက်ဘက်တွင်တည်ရှိသော ယင်းမာပင်ခရိုင်တွင် ဆီထွက်သီးနှံ မြေပဲ ၃၃၃၄၈ ဧကကို ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးကြမည်ဖြစ်ပြီး ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးမှု တစ်နှစ်ထက် တစ်နှစ်တိုးတက်လာနေသည်။ ယင်းမာပင်ခရိုင် ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးနှင့် ပုလဲမြို့နယ်များတွင် မြေပဲစိုက်ပျိုးကြမည်ဖြစ်ရာ ကနီမြို့နယ်တွင် ဧက သုံးသောင်းနီးပါးဖြင့် အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

## မန္တလေးမြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကောင်းမွန်စေရေး ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ပေး

**မန္တလေး မေ ၂၅**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အားသုံးစွဲမှုအဆင်ပြေကောင်းမွန်စေရန်အတွက် ယခင်တည်ဆောက်ဓာတ်အား ဖြန့်ဖြူးပေးထားသည့် ထရန်စဖော်မာအချို့သည် ဝန်အားပြည့်ခြင်း၊ ဝန်အားကျော်လွန်ခြင်းများရှိလာသဖြင့် အဆိုပါ ထရန်စဖော်မာများအား ဝန်အားလျှော့ချနိုင်ရန် ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ခြင်းများအား မေလဆန်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်၊ ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်ရှိ ၁၁/၀.၄ကေဗွီ ၃၁၅ KVA ထရန်စဖော်မာ တစ်လုံး၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၈လမ်းနှင့်၁၁၉လမ်းထောင့်ရှိ ၁၁/၀.၄ ကေဗွီ ၃၁၅ KVA ထရန်စဖော်မာ တစ်လုံး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက် ၂၆လမ်းနှင့်၅၉လမ်းထောင့်ရှိ ၁၁/၀.၄ကေဗွီ၊ ၃၁၅ KVA ထရန်စဖော်မာ တစ်လုံး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရပ်ကွက်၊ ရန်ကင်းတောင်မြောင်းပေါင်ရှိ ၁၁/၀.၄ ကေဗွီ ၂၀၀ KVA ထရန်စဖော်မာ တစ်လုံး၊ စည်သာရပ်တွင် ၁၁/ ၀.၄ ကေဗွီ ၂၀၀ KVA ထရန်စဖော်မာ တစ်လုံးတို့အား တိုးချဲ့တပ်ဆင်လျက်ရှိပြီး မြို့နယ်များတွင် တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးပြုနိုင်ခြင်း၊ ဓာတ်အားဖြန့်ဖြူးမှုပိုမိုတည်ငြိမ်လာခြင်း၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းလာခြင်း၊ ထရန်စဖော်မာများလောင်ကျွမ်းမှုလျော့နည်းလာမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ဝ၄၅)



## စိုက်ပျိုးရေးဦးစီးဌာန၏ ပန်းတိုင်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် နည်းပညာပေးဆောင်ရွက်

**ညောင်ဦး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ပန်းတိုင်သီးနှံများအထွက်နှုန်းတိုးတက်စေရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျသုံးစွဲစေရေး ဟောပြောပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက မြေနဲလေးကျေးရွာ ဘက်စုံသုံးခန်းမ၌ ပညာပေးဟောပြောဆွေးနွေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ညောင်ဦးမြို့နယ်၌ ပန်းတိုင်သီးနှံများ မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုဓာတ်မြေဩဇာများ အချိန်ကိုက်အချိုးကျသုံးစွဲရေး၊ သဘာဝမြေဩဇာများနှင့် ရောစပ်အသုံးပြုရေးနည်းလမ်းများအား မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ဆွေးနွေးပြီး ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချယ်ရီသန်းက သီးနှံဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်တင်ဝင်းလှိုင်မှ Biochar ပြုလုပ်သုံးစွဲနည်း၊ ကောက်ရိုး၊ နှမ်းရိုးများဖြင့် သဘာဝမြေဆွေးပုံများ ပြုလုပ်သုံးစွဲနည်းများအား ကျေးရွာများအရောက် ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

(၄၈၁)

# အသံခေတ်၏ ပြောင်းလဲလာမှုများ



မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစက သီချင်းများကို ဓာတ်စက်နှင့် ဓာတ်ပြားများ အသုံးပြု၍ ဖွင့်ခဲ့ကြသည်။ ဓာတ်ပြားနှင့် ဓာတ်စက်များ စတင်ပေါ်ပေါက်လာပုံကို အကျဉ်းအားဖြင့် စတင်ရေးသားတင်ပြပါမည်။ အင်္ဂလိပ်လို Phonograph(or)Gramophone(ခေါ်) ကိရိယာကိုတီထွင်သူမှာ အမေရိကန်လူမျိုး Thomas Edison ဖြစ်၍ ၁၈၇၇ ခုနှစ်က တီထွင်ခဲ့သည်။ နောင်အနှစ် ၃၀ ခန့်ကြာမှသာ ထိုကိရိယာကို ကမ္ဘာအနှံ့ သုံးစွဲနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ် ဝန်းကျင်ကတည်းက ဓာတ်ပြားများ စတင်သုံးစွဲနေပြီဟု ဆိုကြသည်။ ထို့နောက်တွင် ဓာတ်ပြားခေတ် တိမ်ကောလာပြီး ကက်ဆက်တိပ်များ ပေါ်ပေါက်လာခဲ့ပြန်ပါသည်။ ကက်ဆက်တိပ်(Compact Cassette)ကို စတင်တီထွင်ခဲ့သည့်အချိန်မှ ယခု ၂၀၂၆ ခုနှစ်အထိ ရေတွက်ကြည့်မည်ဆိုလျှင် နှစ်ပေါင်း ၆၃ နှစ် ရှိပြီဖြစ်ပါသည်။ ကက်ဆက်ကို နယ်သာလန်နိုင်ငံအခြေစိုက် ဖီးလစ်(Philips) ကုမ္ပဏီမှ အင်ဂျင်နီယာ လူအော့တန်း (LouOttens) ဦးဆောင်သည့် အဖွဲ့က ၁၉၆၂ ခုနှစ်၌ စတင်တီထွင်ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် ၁၉၆၃ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၌ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ကျင်းပသည့် ရေဒီယိုပြပွဲ(Berlin Radio Show)မှာ လူသိရှင်ကြား ပထမဆုံးအကြိမ် မိတ်ဆက်ပြသခဲ့ပါသည်။ ထို့ကြောင့် တရားဝင်ထွက်ရှိလာသည့် ၁၉၆၃ ခုနှစ်မှ စတင်ရေတွက်ကြည့်မည်ဆိုလျှင် ယနေ့အချိန်၌ ၆၃ နှစ်သက်တမ်းရှိနေပြီ ဖြစ်ပါသည်။

အစောပိုင်းကာလများတွင် ကက်ဆက်တိပ်များကို အသံသွင်းရန်အတွက်သာ အဓိက ရည်ရွယ်ပြီး အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် သီချင်းနားထောင်ရန်အတွက်ပါ တွင်ကျယ်စွာ အသုံးပြုလာကြပါသည်။ ဖီးလစ်ကုမ္ပဏီက သူတို့၏နည်းပညာကို အခြားကုမ္ပဏီများကိုပါ အခမဲ့ အသုံးပြုခွင့်ပေးလိုက်သည့်အတွက် ကမ္ဘာတစ်လွှားမှာ ကက်ဆက်တိပ်နှင့် ကက်ဆက်ဖွင့်စက်(Cassette Player)များ အလျှင်အမြန်စွာ ပျံ့နှံ့သွားခဲ့ပါသည်။ အထူးသဖြင့် ၁၉၇၀ ပြည့်လွန် နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များသည် ကက်ဆက်တိပ်များ၏ ရွှေခေတ်(Golden Age)ဟု ပြော၍ရပြီး လူကြိုက်အများဆုံး အသံဖမ်းစနစ်နှင့် သီချင်းနားထောင်သည့် ကြားခံနယ် (Medium) တစ်ခု ဖြစ်ခဲ့ပါသည်။

နောက်ပိုင်းတွင် ဂျပန်နိုင်ငံအခြေစိုက် ဆိုနီ (Sony) ကုမ္ပဏီမှ သယ်ယူသွားလာရ လွယ်ကူသည့် ဝေါ့ခ်မန်း(Walkman)ဟုခေါ်သည့် အိတ်ဆောင်ကက်ဆက်ဖွင့်စက်ကို ၁၉၇၉ ခုနှစ်မှာ ထပ်မံတီထွင်လိုက်သည့်အတွက် ကက်ဆက်၏ လူကြိုက်များမှုသည် အထွတ်အထိပ်ကို ရောက်ရှိသွားခဲ့ပါသည်။ ဝေါ့ခ်မန်းများ ပေါ်လာသည့်အတွက် လူများသည် သီချင်းများကို မိမိတို့သွားရာလမ်းတစ်လျှောက်၌ လွတ်လပ်ပေါ့ပါးစွာ နားဆင်နိုင်သည့် အလေ့အထအသစ်တစ်ခုကို ရရှိသွားခဲ့ပါသည်။

ကက်ဆက်အကြောင်းပြောကြမယ်ဆိုလျှင် ထည့်သွင်းအသုံးပြုရသည့် ကက်ဆက်တိပ်ခွေ သံလိုက်တိပ်(Magnetic Tape)များအကြောင်းကိုလည်း ချန်ထားခဲ့၍ မရပါ။ တိပ်ခွေများကို အပြင်ဘက် ပလတ်စတစ်ကိုယ်ထည်(Plastic Casing)နှင့် အကာအကွယ်ပေးထားပြီး အတွင်းမှာ တိပ်ခွေများကို ရစ်ပတ်ထားသည့် ရစ်လုံးအသေးနှစ်လုံး ပါဝင်ပါသည်။ အဆိုပါရစ်လုံးနှစ်လုံးကို အစပေးရစ်လုံး (Supply Reel)နှင့် သိမ်းဆည်းရစ်လုံး(Take-up Reel)ဟု ခေါ်ပါသည်။ ကက်ဆက်စက်ထဲမှာ ဖွင့်လိုက်သည့်အခါ အစပေးရစ်လုံးကနေ ထွက်လာသည့် သံလိုက်တိပ်သည် အသံဖမ်းခေါင်း (Magnetic Head)ကို ဖြတ်သန်းသွားပြီး သိမ်းဆည်းရစ်လုံးဆီကို ပြန်လည် ရစ်ပတ်ဝင်ရောက်သွားခြင်း ဖြစ်ပါသည်။ ဖြတ်သန်းသွားသည့်အချိန်မှာ တိပ်ခွေ၏အမြန်နှုန်းသည် တစ်စက္ကန့်ကို ၄ ဒသမ ၇၆ စင်တီမီတာ (၄ ဒသမ ၇၆ cm/s)နှုန်းနှင့် ပုံမှန်ရွေ့လျားနေပါသည်။ တိပ်ခွေလေးများကို ဖိထားပေးရန်အတွက် ဖော့တုံးလေး(Pressure Pad)တစ်ခုလည်း ပါဝင်ပြီး အဆိုပါဖော့တုံးလေးက တိပ်ခွေကို အသံဖမ်းခေါင်းနှင့် သေချာထိကပ်နေအောင် လုပ်ဆောင်ပေးပါသည်။ တိပ်ခွေကို လည်ပတ်စေရန်အတွက် ကက်ဆက်၏စက်ထဲမှ သံချောင်းလေး(Capstan)နှင့် ရာဘာဘီးလုံးလေး(Pinch Roller)တို့က ညှပ်ပြီး ဆွဲယူသွားခြင်း ဖြစ်ပါသည်။

ကက်ဆက်တိပ်ခွေများမှာ အသုံးပြုသည့် သံလိုက်တိပ်(Magnetic Tape)ကို ပလတ်စတစ် အကြည်သား(Polyester Film)နှင့် ပြုလုပ်ထားပြီး အပေါ်မှာ သံလိုက်ဓာတ်ပါဝင်သည့် ဒြပ်ပေါင်းများကို သုတ်လိမ်းထားခြင်း ဖြစ်ပါသည်။ အဆိုပါ သုတ်လိမ်းထားသည့် ဓာတုပစ္စည်းများအပေါ် မူတည်ပြီး ကက်ဆက်တိပ်ခွေအမျိုးအစားများကို အဓိကအားဖြင့် လေးမျိုး(Tape Types) ခွဲခြားထားပါသည်။ ပထမအမျိုးအစားဖြစ်သည့် Type I ကို သံချေးရောင်ရှိသည့် ဖာရစ်အောက်ဆိုဒ် (Ferric Oxide)နှင့် ပြုလုပ်ထားပြီး အသုံးအများဆုံးနှင့် ဈေးအသက်သာဆုံး ပုံမှန်တိပ်ခွေ (Normal Bias)များ ဖြစ်ပါသည်။ ဒုတိယအမျိုးအစား Type II မှာ ခရိုမီယမ်ဒိုင်အောက်ဆိုဒ် (Chromium Dioxide)ကို အသုံးပြုထားပြီး Type I ထက် အသံထွက် ပိုမိုကြည်လင်သလို အထူးသဖြင့် ကြိမ်နှုန်းမြင့်အသံ (High Frequency Audio)များကို ဖမ်းယူရာမှာ ပိုကောင်းသည့်အတွက် အဆင့်မြင့်တိပ်ခွေ (High Bias)များဟု ခေါ်ပါသည်။ Type III မှာ ဖာရီခရုမ်း (Ferrichrome)ဒြပ်ပေါင်းကို သုံးထားသော်လည်း ဈေးကွက်ထဲတွင် အောင်မြင်မှုမရခဲ့ဘဲ ခဏတာသာ ထွက်ရှိခဲ့ပါသည်။ အကောင်းဆုံးနှင့် အသံအရည်အသွေးအမြင့်မားဆုံး ကက်ဆက်တိပ်ခွေကတော့ Type IV ဖြစ်ပြီး သတ္တုမှုန့် (Metal Particulate)များကို အသုံးပြုထားသည့်အတွက် သံလိုက်ဓာတ် သိုလှောင်နိုင်စွမ်း အလွန်မြင့်မားကာ ဈေးနှုန်းလည်း အကြီးဆုံးဖြစ်ပါသည်။ အဆိုပါတိပ်ခွေအားလုံး၏ အကျယ်သည် ၃ ဒသမ ၈၁ မီလီမီတာ (၃ ဒသမ ၈၁ mm)သာ ရှိသော်လည်း တိပ်ပြားလေးပေါ်မှာ အသံလမ်းကြောင်း (Tracks) လေးကြောင်းအထိ ထည့်သွင်းထားပါသည်။

ကက်ဆက်တိပ်ခွေတစ်ခုကို အေဘက်(Side A) နှင့် ဘီဘက်(Side B)ဆိုပြီး နှစ်ဖက် ဖွင့်လို့ရသည်ကို လူတိုင်းသိကြပါလိမ့်မည်။ ထိုသို့ဖွင့်လို့ရအောင် တိပ်ပြားလေးပေါ်က အသံလမ်းကြောင်း (Tracks) လေးကြောင်းမှာ Side A အတွက် ဘယ်အသံလမ်းကြောင်းနှင့် ညာအသံလမ်းကြောင်း (Left and Right Stereo Channels)ဆိုပြီး နှစ်ကြောင်းကို အသုံးပြုထားပါသည်။ ကက်ဆက်ခွေကို ပြောင်းပြန်လှန်လိုက်သည့်အခါမှာ ကျန်နေသည့် နောက်ထပ် အသံလမ်းကြောင်းနှစ်ကြောင်းကို ဖတ်ယူတာဖြစ်ပါသည်။ ကက်ဆက်တိပ်ခွေများ၏ ကြာချိန် (Recording Time) များကိုလည်း C-46, C-60, C-90, C-120 စသဖြင့် အမျိုးမျိုး ထုတ်လုပ်ထားပါသည်။ ဥပမာ C-60 ဆိုလျှင် တစ်ဖက်ကို မိနစ် ၃၀ စီနှင့် စုစုပေါင်း ၆၀ မိနစ် အသံသွင်း၍ရပြီး လူသုံးအများဆုံးဖြစ်သည့် C-90 ဆိုလျှင် တစ်ဖက်ကို ၄၅ မိနစ်စီ အသုံးပြုလို့ရပါသည်။ C-120 လိုမျိုး အချိန်အကြာကြီး သွင်းလို့ရသည့် တိပ်ခွေများလည်း ရှိသော်လည်း အချိန်ပိုရအောင် တိပ်ကို အလွန်ပါးလွှာအောင် လုပ်ထားရသည့်အတွက် အလွယ်တကူ ပြတ်တောက်နိုင်ခြေများပါသည်။ (မြန်မာပြည်တွင်းမှာ အများဆုံးတွေ့ရသည်က C-60 ခွေများပဲဖြစ်ပါသည်။ ထိုခေတ်က စကားများ လေပေါ်သူများကို "နင့်ပြောတာ C-60 တစ်ခွေစာ ရှိပြီ"ဟုပင် ဥပမာပေး သရော်ခဲ့ကြပါသည်။ ဤကား စကားချပ်။) ထို့အပြင် ကက်ဆက်တိပ်ခွေများ၏အပေါ်ဘက် ထောင့်စွန်းနှစ်ဖက်မှာ အပေါက်ငယ်လေး နှစ်ပေါက်စီပါရှိပြီး အဆိုပါအပေါက်လေးများကို ပလတ်စတစ်အဖုံးလေးများ (Write-protection Tabs)နှင့် ပိတ်ထားပါသည်။ အဆိုပါ အဖုံးလေးများကို ချိုးဖဲ့ပစ်လိုက်မည်ဆိုလျှင် အဆိုပါကက်ဆက်ခွေပေါ်ကို နောက်ထပ် အသံအသစ် ထပ်သွင်းလို့ (Overwriting) မရတော့ပါ။ အကယ်၍ ကိုယ်က အသံပြန်သွင်းချင်သည်ဆိုလျှင် ချိုးဖဲ့ထားသည့် အပေါက်လေးများကို စက္ကူတိပ် (Adhesive Tape)နှင့် ပြန်ကပ်ပြီး အသံပြန်သွင်းလို့ ရပါသည်။ ယခုရေးသားတင်ပြခဲ့သည်များမှာ ကက်ဆက်တိပ်ခွေများ၏နောက်ကွယ်မှ စိတ်ဝင်စားစရာ နည်းပညာများနှင့် အလုပ်လုပ်ပုံများ ဖြစ်ပါသည်။

၁၉၉၀ ပြည့်လွန်နှစ်များ၏ နောက်ပိုင်းကာလမှာ စီဒီ(Compact Disc - CD)များ ပိုမိုခေတ်စားလာသည်နှင့်အမျှ ကက်ဆက်တိပ်ခွေများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း မှေးမှိန်သွားခဲ့ပါသည်။ စီဒီများသည်အသံထွက် ပိုမိုကြည်လင်ပြတ်သားသလို သီချင်းများကိုလည်း လိုချင်သည့်အပုဒ်ကို ကျော်ပြီး နားထောင်နိုင်သည့်အတွက် ကက်ဆက်ထက် ပိုမိုအဆင်ပြေလာစေခဲ့ပါသည်။ ၂၀၀၀ ပြည့်လွန်နှစ်များ အရောက်မှာ ဒီဂျစ်တယ်နည်းပညာ(Digital Technology)နှင့် အမ်ပီသရီး(MP3)လိုမျိုး အသံဖိုင်များအပြင် အင်တာနက်ကနေ တိုက်ရိုက်နားဆင်နိုင်သည့် စထရင်းမင်း(Streaming)ဝန်ဆောင်မှုများ ပေါ်ပေါက်လာသည့်အတွက် ကက်ဆက်များကို အသုံးပြုမှုသည် ရပ်တန့်လုနီးပါး ဖြစ်သွားခဲ့ပါသည်။

ယနေ့ခေတ်လူငယ်များဖြစ်သော ဂျန်အာလ်ဖာ (Generation Alpha)များအတွက် ကက်ဆက်ဆိုသည်မှာ ပြတိုက်ထဲက ရှေးဟောင်းပစ္စည်းတစ်ခုလို ဖြစ်နေခဲ့ပါပြီ။ ၎င်းတို့ခေတ်တွင် စမတ်ဖုန်း (Smartphone) တစ်လုံးတည်းနှင့် ကမ္ဘာပေါ်က သီချင်းပေါင်း သန်းချီပြီး အလွယ်တကူ နားထောင်လို့ ရနေသည့်အတွက် ကက်ဆက်ခွေကို ဘယ်လိုဖွင့်ရမှန်း၊ အေဘက်(Side A)နှင့် ဘီဘက်(Side B) ကို ဘယ်လိုပြောင်းရမှန်း မသိကြတော့ခြင်းသည် သဘာဝကျပါသည်။ ယနေ့ခေတ်တွင် ကက်ဆက်များကို နေ့စဉ် အသုံးမပြုကြတော့သော်လည်း ဂန္ထဝင်ပစ္စည်းဟောင်းများကို မြတ်နိုးသူများ၊ စုဆောင်းသူများနှင့် အချို့သော အနုပညာရှင်များကြား၌ ယနေ့ထက်တိုင် အမှတ်တရအဖြစ် ဆက်လက်တန်ဖိုးထား သိမ်းဆည်းနေကြဆဲ ဖြစ်နေသေးပါသည်။

ယနေ့မီဒီယာခေတ်တွင် စီဒီချပ်များကို အလွန်အသုံးများလာကြပါသည်။ ပုံမှန် စီဒီတစ်ချပ်သည် တစ်မိနစ်လျှင် အချက်အလက်ပေါင်း ၁၀ သန်း(10 million bytes)နှုန်းဖြင့် သိုလှောင်သိမ်းဆည်းပါသည်။ ထို့ကြောင့် သုံးမိနစ်စာ သီချင်းတစ်ပုဒ်သည် 30 megabytes ဆိုပါစို့။ အဆိုပါ သုံးမိနစ်ဆိုသောအချိန်သည် အင်တာနက်တွင် ဒေါင်းလုပ်ပြုလုပ်ရန် အချိန်ကြာမြင့်တတ်သည်။

သို့ဖြစ်၍ ဗီဒီယိုဆိုင်ရာ အချက်အလက်များကို အရွယ်ချုံ့ရန် MPEG မှ နည်းလမ်းများ တီထွင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ချုံ့ရာတွင် တေးသီချင်းများ၊ ဒီဗီဒီရုပ်ရှင်ဇာတ်လမ်းများ၊ HDTV ထုတ်လွှင့်ချက်များနှင့် ဒီအက်စ်အက်စ် ဂြိုဟ်တုစနစ်များလည်း ပါဝင်သည်။ ချုံ့ထားသော တေးဂီတဖိုင်များကိုလည်း MPEG Audio Layer-3 ဟု ခေါ်ကြ၍ ယခုကျွန်တော်တို့ သိထားကြသည့် အမ်ပီသရီးဖိုင်များဖြစ်သည်။ အဆိုပါချုံ့လိုက်သည့်နည်းပညာအရ တေးသီချင်းတစ်ပုဒ်ကို အဆ ၁၀ မှ ၁၂ ဆအထိ ငယ်အောင်ချုံ့ပေးနိုင်ပါသည်။ သို့ဖြစ်၍ 30 megabytes ဖိုင်တစ်ဖိုင်သည် 3 megabytes ခန့်သာ ရှိတော့သည်။ အသံအရည်အသွေးလည်း သိသိသာသာ ကျဆင်းမသွားပါ။ ၎င်းကို နားထောင်ရသည်မှာ စိတ်တွင် ကျေနပ်မှုမရှိပါက မူရင်းဖိုင်အရွယ်အစားသို့လည်း ပြန်ပြောင်းနိုင်ပါသည်။

ယနေ့အသုံးအများဆုံးဖြစ်လာနေသော မမ်မိုရီစနစ်များသည် အီလက်ထရောနစ် မှတ်ဉာဏ်များဖြစ်သည်။ ၎င်းကို ဒီဂျစ်တယ်ကင်မရာများ၊ မိုဘိုင်းကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ အိတ်ဆောင်သီချင်းပလေယာများ၊ ဗီဒီယိုဂိမ်းများနှင့် တခြားသောအီလက်ထရောနစ်ပစ္စည်းများတွင် အသုံးပြုကြသည်။ မမ်မိုရီကတ်များနှင့် စတစ်ခ်များသည် သိမ်းဆည်းနိုင်သော စွမ်းအင်အလွန်မြင့်မားကြပြီး ပါဝါလည်း မလိုအပ်ပေ။ ဒီဂျစ်တယ်နည်းပညာဖြင့် အသံဖိုင်များ ဓာတ်ပုံများကို သိမ်းဆည်းထားရန်နှင့် ဖွင့်သည့် စက်တစ်မျိုးမျိုးဖြင့် ပူးတွဲအသုံးပြုလျက် ရှိနေကြပြီလည်းဖြစ်ပါသည်။ ဖိုင်အမျိုးအစားကိုအလွယ်တကူသေးငယ်သော စတစ်ခ်ပုံစံမျိုးဖြင့်ဖြစ်စေ၊ ကတ်ပုံစံဖြင့်ဖြစ်စေ အလွယ်တကူ သိမ်းထားနိုင်၍ ယခုအခါ တွင်ကျယ်စွာအသုံးပြုနေကြဆဲလည်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အထက်ဖော်ပြပါ အကြောင်းအရာများသည် ခေတ်အလိုက် အသံထွက် ပစ္စည်းကိရိယာများ၏ ခေတ်အလိုက် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံများကို ယနေ့ခေတ်လူငယ်များ သိရှိနိုင်ကြစေရန်နှင့် ဗဟုသုတရရှိရန်အလို့ငှာ ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

**ကိုးကား** – Wikipedia from Google

ကိုစံ(ပုသိမ်)

## စာအုပ်ခင်းကျင်း

## ဖော်ညွှန်းသီ

စာအုပ်အမည် - ပစိဖိတ်နွတ်ခမ်းပေါ်က ပွားရည်စက်
စာရေးသူ - မြသန်းတင့်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၁၀၀၀၀ ကျပ်
စာမျက်နှာ - ၁၈၄ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ(ဒုတိယအကြိမ်)



၂၀၀၅ခုနှစ်တွင် ထွက်ရှိခဲ့သော နေရီရီစာပေတိုက်၏ ပထမအကြိမ်မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည်။ ဆရာမြသန်းတင့်၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ ၁၉၉၃ ခုနှစ်အတွင်းက အာရှနိုင်ငံများ၏ နိုင်ငံရေးသမိုင်း နောက်ခံ အကြောင်းအရာများ၊ စီးပွားရေး အခြေအနေတို့ကို ပေါ့ပေါ့ပါးပါး စကားပြောဟန်ဖြင့် ရေးသား တင်ဆက်ထားသည်။

တရုတ်နိုင်ငံ၏ စက်မှုလယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးအနေအထားများ၊ တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှု တိုးချဲ့လိုမှုများ၊ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းများ စသည့် အကြောင်းအရာများကို သုံးသပ်ရေးသားထားသည်။ မြန်မာ့စီးပွားရေးဂျာနယ်တွင် ဆရာမြသန်းတင့်၏ ကလောင်ခွဲဖြစ်သော 'ဖောတိက' ကလောင်ဖြင့် ရေးသားခဲ့သော ဆောင်းပါးများလည်းဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

စာအုပ်အမည် - ချမ်းသာသောမိသားစု ထက်မြက်သောမိသားစု
စာရေးသူ - လမင်းသောင်းထွန်း
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
တန်ဖိုး - ၇၅၀၀ ကျပ်
စာမျက်နှာ - ၁၆၇ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ

မူရင်းစာရေးဆရာ Robert Kiyosaki Rich Family Smart Family စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ 'ကလေးတစ်ယောက်ကို အောင်မြင်တဲ့ ဘဝ တစ်ခုပေးဖို့ဆိုတာ ကျောင်းက အမှတ်ကောင်းရဖို့ပဲ လုံလောက်သလား' ဆိုတဲ့ မေးခွန်းကပို စိတ်ဝင်စားဖွယ် ဖြေရှင်းထားသည့် စာအုပ်ဖြစ်သည်။ ထို့ပြင် လူအများ အသက်အရွယ်ကြီးပြင်းလာပုံ တကယ်မှန်ကန်ရဲ့လား၊ အောင်မြင်မှုဆိုတာ လစာကောင်းကောင်း ရတာ တစ်ခုတည်း ဟုတ်ရဲ့လား ဆိုသည့် မေးခွန်းများကို ပြန်တွေး၊ ပြန်မေးမိမည့် စာအုပ်လည်းဖြစ်သည်။



လူငယ်စာဖတ်သူတွေ အတွက် ဘဝကို အခြားရှုထောင့်ကနေကြည့်ဖို့ စိတ်ဓာတ်ခွန်အားအသစ်များ ရရှိမည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## စလော့ဂိမ်း

* ကြိုးစားလို့ ရာဖွေသမျှ
ရှိးသားလို့ အသာနေကြ
ရသမျှခွေျတာ၊
ထူးပေသည့် ဆန်းတွေလာ
ပြည်မြန်မာ လူနွံနစ်။

* အင်တာနက်နည်းပညာ
နည်းထွင်ကာ အညွှန့်တုံးလို့
လူလုံးမလှ မွဲစေရန်ကို
စွဲနေပြန် စလော့ဂိမ်းရယ်နှင့်
အပျော်ထိန်းလို့ ဆော့ကြဲဖန်
တစ်ကျော့လှန် ပြန်ရရေးကိုတဲ့
မေးဆော့ ဘေးဖြစ်။ ။

**မန္တလာစိုးနောင်**

# တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနား ကျင်းပ

**ကျိုင်းတုံ မေ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနားကို မေ ၂၃ ရက်က (၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)၌ ကျင်းပသည်။



အခမ်းအနားတွင်ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်ဦးမင်းညိုက အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အိအိမွန်က နှင်းခူရောဂါအကြောင်း စာတမ်းဖတ်ကြားပြီး တက်ရောက်လာကြသည့် ကျိုင်းတုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးမင်းဟန်၊ ကျိုင်းတုံမြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်အေးမြဖြူ၊ မိုင်းယောင်းမြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်သီတာအောင်၊ ကျိုင်းတုံတိုင်းရင်းဆေးရုံအုပ် ဦးမြင့်ခိုင်၊ ဒုတိယဆေးရုံအုပ် ဦးဆန်းလှိုင်နှင့် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင် ဦးမင်းညိုနှင့် တာချီလိတ်မြို့ လင်းသုခတိုင်းရင်းဆေးကုခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆေးတိုက်မှ ဆရာဦးဇော်လင်းတို့က စာတမ်းရှင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

**ချောက် မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ချောင်းတက်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်တွင် ကျင်းပခဲ့သည်။

အဆိုပါစိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲတွင် ချောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုရေး၊ သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများ လိုက်နာကျင့်သုံးရေး၊ ပိုးသတ်ဆေးများ လျှော့ချအသုံးပြုရန်အတွက် သဘာဝပိုးသတ်ဆေးများ ဖော်စပ်အသုံးပြုရန်နှင့် စနစ်တကျ သုံးစွဲတတ်ရေး၊ စိုက်ပျိုးရေးတောင်သူများ ငါးအမိုင်နို့များ ပြုလုပ်သုံးစွဲရေး၊ သဘာဝမြေဆွေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တောင်သူ ၄၂ ဦးတက်ရောက်ကြပြီး စိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

*-*-*-*-*



# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**မန္တလေး မေ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၈၈လမ်း၊ ၁၇လမ်းနှင့်၁၈လမ်းကြားရှိ ရွှေပြည်ပုလဲမြင့်ဘုန်းတော်ကြီး ပညာရေးကျောင်း၌ မေ ၂၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောသရုပ်ပြပွဲကို ကျင်းပခဲ့သည်။

မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် ရာအိမ်မှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သံဃာတော်များ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ဒုတိယမီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဝေငှခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

**ကျော်မင်းသော်**




## ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မေ ၂၅**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြု သော ဆရာတော်၊ သံဃာတော် များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောသဝ(မွေ့စရိယ၊ B.A)က ရေစက်ချအနုမောဒ နာတရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးစိုး နိုင်+ဒေါ်စန်းစန်းငွေ၊(သား)မောင်ရဲ နန္ဒနိုင်(မွေးယိုစုံလုပ်ငန်း)မိသားစု က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ် ၁၅ သိန်း ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာ မှ္ဘကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း၊ အဖွဲ့ဝင်ဦးမြင့်စိန် တို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ကြောင်း သိရသည်။ **PNT**

## ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီးအား ဖူးမြော်၍ အလှူငွေများ လှူဒါန်း

**တောင်တွင်းကြီး မေ ၂၅**

မကွေးတိုင်းဒေသကြီး၊တောင် တွင်းကြီးမြို့သို့ မကွေးတိုင်း ဒေသကြီး မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်အိအိထွန်းနှင့်အဖွဲ့သည် သမိုင်း ဝင်စေတီတော်များအား ယမန်နေ့ နံနက် ၉ နာရီက လှည့်လည် ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသ ကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ သည် ရွှေကြာအင်း(၁)ရပ်ကွက်ရှိ အောင်မြင်ဇေယျ(ရခိုင်)စေတီ တော်မြတ်ကြီးအားဖူးမြော်၍ အလှူငွေများ လှူဒါန်းခြင်း၊ တောင် ပြင်(၂)ရပ်ကွက်ရှိ မြို့တွင်းရိပ်သာ သီလရှင်ကျောင်းရှိ သီလရှင်များ အား ဆန်၊ ဆီ လှူဖွယ်ဝတ္ထု ငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ဇေယျမင်္ဂလာရွှေအင်းတောင် စေတီတော်မြတ်ကြီးအား ဖူးမြော် ၍ အလှူငွေများလှူဒါန်းခြင်း၊ ငှက်ပစ်တောင် ဘုန်းတော်ကြီး ကျောင်းတိုက်ရှိ အဂ္ဂမဟာ ကမ္မ ဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မကွေးတိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ အကျိုး တော်ဆောင် ဆရာတော် ဘဒ္ဒန္တ မာနိတအားဖူးမြော်၍ လှူဖွယ် ပစ္စည်းနှင့်ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခြင်း၊ ငှက်ပစ်တောင် ကျောင်းတိုက်ရှိ သက်ကြီးဘိုး ဘွားများအား လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်းနှင့် ကျောက်ကပ်သွေးသန့်စင် စင်တာရှိ လူနာများအား ကြည့်ရှု အားပေးစကားများ ပြောကြားခဲ့ ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိုးသနိုးမြေ)**

ဝ-ဝ-ဝ-ဝ-ဝ



## နေပြည်တော် တိုင်းရင်းဆေးရုံကြီးမှ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပုဗ္ဗသီရိ မေ ၂၅**

နေပြည်တော်တိုင်းရင်းဆေးရုံ ကြီး ကွင်းဆင်းဆေးကုသရေး အဖွဲ့မှ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေး ဖြင့် အခမဲ့ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက ကျည်တောင်ကန် ရပ်ကွက်ရှိ မြို့မဘုန်းတော်ကြီး ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့် ရှောက်မှုပေးရာတွင် နေပြည်တော် တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံ အုပ်ကြီး ဦးလှမော်နှင့် တိုင်းရင်း ဆေး ဆရာ၊ ဆရာမများက



ဘုန်းတော်ကြီးကျောင်းရှိ သံဃာ တော်များနှင့် ရပ်ကွက်နေပြည်သူ များအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်း မူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေးဖြတ်၊ လေးငန်း ရောဂါ၊ ထုံနာကျင်နာရောဂါများ ကုသပေးခဲ့ပြီး တိုင်းရင်းဆေး ပညာအကြောင်း သိကောင်းစရာ များကို ရှင်းလင်းဟောပြောခဲ့ ကြောင်း သိရသည်။

**(ယာပုံ)**

**အောင်ကို(ပြန်/ဆက်)**

## မိုးကြိုးစက်ကွင်းမိ၍ နွားများ၊ သေဆုံးခဲ့ခြင်းအတွက် နွားပိုင်ရှင်များကို KBZ ဖောင်ဒေးရှင်းက ကူညီထောက်ပံ့ပေးရန် ပြင်ဆင်နေ

**ဆီဆိုင် မေ ၂၅**

ဆီဆိုင်မြို့နယ်၌ မိုးကြိုး စက်ကွင်းမိ၍ နွားများ သေဆုံး ခဲ့ခြင်းအတွက် နွားပိုင်ရှင်များကို KBZ ဖောင်ဒေးရှင်းက ကူညီ ထောက်ပံ့ပေးရန် ပြင်ဆင်နေ သည်။



ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင် မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ကောင်ဝါးတောင်ကျေးရွာတွင် ယမန်နေ့ မိုးကြိုးစက်ကွင်း နှစ်ကြိမ်မိ၍ နွားအကောင်ရေ ၇၀ ခန့် သေဆုံးခဲ့သည်။ **(ဝဲပုံ)**

ထို့ကြောင့် KBZ ဖောင်ဒေး ရှင်းနှင့် ရှမ်းတောင်ပရဟိတ ညီနောင်များကွန်ရက် နာယက ဦးအောင်ကိုဝင်းက နွားပိုင်ရှင် များအား ကူညီထောက်ပံ့ပေးမည် ဖြစ်၍ ရှမ်းတောင်ပရဟိတ ညီနောင်များကွန်ရက် တာဝန်ရှိ သူများက ယင်းကျေးရွာသို့ သွား ရောက်၍ စာရင်းကောက်ယူ ခဲ့ကြသည်။

စာရင်းအရ ကျေးရွာနေ အိမ်ထောင်စုများပိုင်ဆိုင်သည့် နွားကောင်ရေ ၆၈ ကောင် သေ ဆုံးသွားခဲ့သဖြင့် ထောက်ပံ့မှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ရွှေမန်း**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**တမူး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ် ကြီးကြပ်မှုဖြင့် ပထမရက်(၁၀၀) စီမံချက်ကာလအတွင်း ကျန်းမာ ရေး အသိပညာမြှင့်တင်ရေးလုပ် ငန်းများ၊ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယမန်နေ့နံနက် ၈ နာရီက ဈေး တန်းရပ်ကွက်၌ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ ဝင်များ၊ ကျန်းမာရေးဌာန၊ ခရိုင် နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဝင်များ၊ ရပ် ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် ခြင်ခိုအောင်း နိုင်သောနေရာများတွင် (ဖုံး၊ သွန်၊ လဲ၊ စစ်)ဆောင်ရွက်ခြင်း၊ ဆေး ဖျန်းခြင်း၊ ရေတွင်း၊ ရေကန်များ တွင် အဘိတ်(Abate) ဆေး ခတ်ခြင်းများကို ဆောင်ရွက်ခဲ့ ကြပြီး ခြင်ပေါက်ပွားမှု၊ ခြင်ခို အောင်းမှု လျော့နည်းစေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးတို့အတွက် ပိုင်းဝန်း ကူညီဆောင်ရွက်ကြရန် တာဝန် ရှိသူများက အသိပညာပေး ပြော ကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

**မူဆယ် မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ကမ္ဘာ့ပတ်ဝန်း ကျင် ထိန်းသိမ်းရေးနေ့နှင့် ကမ္ဘာ့ ကလေးများနေ့အထိမ်းအမှတ် မြန်မာ-တရုတ် ကလေးငယ် များ၏ ဂေဟာစနစ်နှင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ဆိုင်ရာ ပန်းချီပြိုင်ပွဲကို အထက(၂) စံပယ်ဆောင်၌ မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာ-တရုတ် ချစ်ကြည် ရေးအဖြစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့နှင့် ကမ္ဘာ့ ကလေးများနေ့ အထိမ်းအမှတ် မြန်မာ-တရုတ် ကလေးငယ်များ ၏ ဂေဟာစနစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆိုင်ရာ ပန်းချီ ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ကလေးများအနေဖြင့် အသက် ၆ နှစ်မှ ၁၂ နှစ်အကြားရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်း သား၊ ကျောင်းသူ ၆၉ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ကျင်းပသည့် နေရာသို့ မူဆယ်ခရိုင် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးစန်းမင်းနှင့် ခရိုင်၊မြို့နယ် ပညာရေးမှူးများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**စစ်ကိုင်း မေ ၂၅**

စစ်ကိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ၊ ပန်းချီ ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ဓမ္မဒူတမောင်မယ်ဆောင်)၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ညွန့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မိုမိုခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (ထက်၊ လယ်၊ မူ)အဆင့် ပန်းချီပြိုင်ပွဲတွင် ၁၇ ဦး၊ (ထက်၊ လယ်၊ မူ)အဆင့် ကာတွန်းပြိုင်ပွဲတွင် ခုနစ်ဦးနှင့် (ထက်၊ လယ်၊ မူ) အဆင့် ပိုစတာပြိုင်ပွဲတွင် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေး

**ကျောက်ပန်းတောင်း မေ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အင်ချောင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က အင်ချောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်ချောင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသူ၊ အသင်းသား ၃၀ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ပထမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ချိုသန်းညွန့်(ကျေးလက်)**



## ရွှေဘို ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ မေ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရွှေဘို ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ ရွှေဘို ရွာသစ်ကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ရွှေဘို ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၅၀ အား လမ်းအကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ခြောက်သန်း၊ စုစုပေါင်း ငွေကျပ် ၂၁ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ယခုနှစ် မေလ တတိယပတ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။**(၄၄၅)**

## ရက်(၁၀၀)စီမံချက်ဖြင့် အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်

**မိုင်းဆတ် မေ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ရက်(၁၀၀) စီမံချက်ဖြင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက မိုင်းဆတ်မြို့နယ်၊ ဝမ်ဟုန်(ဝ) ကျေးရွာခန်းမဆောင်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောထက်ဝင်းနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး သင်တန်းကို ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် အခြေခံ ကြက်၊ ဝက်၊ ကျွဲ၊ နွားမွေးမြူရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း၊ ခြံဖျန်းပိုးသတ်ဆေးအသုံးပြုခြင်းနှင့် ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်အားကစားဖွံ့ဖြိုးရေး ဖူဆယ်အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီ



တို့ ပူးပေါင်းဖွင့်လှစ်သော လူငယ်အားကစားဖွံ့ဖြိုးရေး ဖူဆယ်အခြေခံသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက် မွန်းလွဲ ၃ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ ဖူဆယ်အားကစားရုံတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

သင်တန်းတွင် AFC လိုင်စင်ရနည်းပြဆရာများဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် ဖူဆယ်နှင့်ပတ်သက်သော အခြေခံအားကစားနည်းများအား U-12-13,14-15 ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးအား စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)


### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ်(၂၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာ အရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအာကာညီညီ (ဘ)ဦးညွန့်လွင်(၉/ပဥလ(နိုင်)၀၀၄၄၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၃၀-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာ အရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အဲဆာ (ခ)ဒေါ်ကြည်ကြည်ဝင်း (ဘ)ဦးလျှော်ကြဲလုံ(၁၃/ကမန(နိုင်)၀၅၇၂၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၁၀၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးစိုးမြင့်နှင့် ဦးပေါကြွယ်တို့ အမည်ဖြင့်ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တွမ်ရှိန်ရီ(ခ)ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတွမ်ဝေဇူး(၁၃/ကခန(ဧည့်)၀၀၀၁၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၅)၊ ဦးပိုင်နံပါတ်(၄၈-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးစိုးမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဌေး (ဘ)ဦးလှညွန့်(၉/မရတ(နိုင်)၀၉၂၆၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေများ အပြေအကြေ ပေးချေကာ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် ရောင်းချ-ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လိုအပ်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၉၇၉/၂၀၁၅)အား ပြန်လည်ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာအုပ်စု၊ ဘုံးအိုးကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရာ ဟော့လာ (ဘ)ဦးလီဇံ(၉/အမရ(နိုင်)၀၅၂၉၂၄)ကိုင်ဆောင်သူမှ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာနေ ၁။ဦးမောင်မောင်ဦး (ဘ)ဦးတုတ်(၉/အမရ(နိုင်)၀၈၉၅၂၅)၊ ၂။ ဒေါ်တင်တင်မွန် (ဘ)ဦးမြဒင်(၉/အမရ(နိုင်)၁၄၄၀၈၆)ကိုင်ဆောင်သူများသို့ အမရပူရမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂၃-၁၁-၂၀၁၅)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၇၉/၂၀၁၅)အရ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ လွှဲအပ်ခံရသူများနှင့် လွှဲအပ်သူတို့အကြား လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် (၂၃-၁၁-၂၀၁၅)ရက်က လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၇၉/၂၀၁၅)ကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ရာဟော့လာ၏ လွှဲအပ်ချက်အရ -**
**ဦးထွန်းထွန်းမြင့်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်းနှင့်၃၇လမ်းထောင့်၊ စကြာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၃၆၃၈၀၀၇၊ ၀၉-၄၃၀၉၉၃၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ၄၂လမ်းနှင့်၄၃လမ်းကြား၊ ၆၇-ခလမ်းတွင် တည်ထောင်ဖွင့်လှစ်ထားသော Future Step Education Center ပညာရေးဝန်ဆောင်မှု သင်တန်းကျောင်း၏ တည်ထောင်သူ ဒေါ်နွယ်နွယ်စိုး(၅/မကန(နိုင်)၀၆၉၄၂၂)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Future Step Education Center ပညာရေးဝန်ဆောင်မှုသင်တန်းကျောင်းသည် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများမှ သင်ကြားပေးလျက်ရှိပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား မွေးထုတ်ပေးလျက်ရှိကာ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများကြားတွင် စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟူသော ဂုဏ်သတင်းများဖြင့် ရပ်တည်လျက်ရှိပါသည်။

ထိုသို့ ကောင်းသတင်းများဖြင့် ရပ်တည်နေသည့်အပေါ် Facebook, Messenger, Viber, Telegram, What App, We Chat, Instagram, Lin Kedin, Twitter, Tik Tok, You Tube စသည့် ဆိုရှယ်မီဒီယာ(Social Media) များ၊ လူမှုကွန်ရက်စာမျက်နှာများ၊ အင်တာနက်စာမျက်နှာများတွင် Future Step Education Center ပညာရေးဝန်ဆောင်မှုသင်တန်းကျောင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်များဖြင့် ဤကျောင်းဟု အထင်အမြင်မှားစေသည့် မြန်မာလို (သို့မဟုတ်)အင်္ဂလိပ်လို အရှည်ကောက်ဖြစ်စေ၊ အတိုကောက်ဖြစ်စေ အမည်များမှည့်၍ Page များထောင်ခြင်း၊ အကောင့်များဖွင့်ခြင်း၊ Group များထောင်ခြင်း၊ Post များတင်ခြင်း၊ ဤကျောင်းထိခိုက်နစ်နာစေရန်၊ အသရေပျက်စေရန် ရေးသားပြောဆိုခြင်းများ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့်သတင်းအချက်အလက်များ၊ အကြောင်းအရင်းတစ်စုံတစ်ရာကို မှန်ကန်မှုရှိ၊မရှိ တိတိကျကျသိရှိခြင်းမရှိဘဲ ဝေဖန်ရေးသားပြောဆိုခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်ချက်ပြုခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန့်ပွားစေခြင်း၊ လှုံ့ဆော်ပေးခြင်းများ (လုံးဝ)မပြုလုပ်ကြပါရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူမဆို တွေ့-မြင်-ကြားသိရပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ လိုအပ်သလို ထိရောက်စွာတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်စိုး၏ လွှဲအပ်ချက်အရ-**
**ဦးစိုးမိုးထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၀၂)**
**အကွက်(၉၈)၊ မင်းတဲအိကင်း၊ ဈေးကုန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၇၇၇၂၃၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်(၁၄)၊ အခန်း (၀၀၂)၊ မြေညီထပ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်မြိုင်(၅/တမန(နိုင်)၀၆၁၂၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖဖ-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

- ❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)၊ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)တို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား နေပြည်တော် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများတက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ❐

## တက်ဆူရိုယူကီ Women's Football Technical Director အဖြစ် တာဝန်ယူမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်ဟောင်းဖြစ်သူ ဂျပန်လူမျိုး မစ္စတာတက်ဆူရိုယူကီ (Tetsuro Uki)အား အမျိုးသမီးဘောလုံး နည်းစနစ်ဒါရိုက်တာ (Women's Football Technical Director) အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်သည်။

မစ္စတာ တက်ဆူရိုယူကီသည် အမျိုးသမီး ဘောလုံးနည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ယူစဉ်အတွင်း မြန်မာအမျိုးသမီးဘောလုံးအဆင့်အတန်း မြင့်မားလာစေရန် ရေရှည်စီမံကိန်းများချမှတ်ခြင်း၊ မြန်မာ-ယူ၁၅/၁၇/၁၉ သက်တမ်းအလိုက် အမျိုးသမီးအသင်းများ နည်းစနစ်ပိုင်းတိုးတက်ရန် ဆောင်ရွက်ခြင်း၊ မြန်မာအမျိုးသမီး အကယ်ဒမီမှတစ်ဆင့် မျိုးဆက်သစ် ကစားသမားများကို အခြေခံအုတ်မြစ်မှစတင်ကာ နိုင်ငံတကာအဆင့်သို့ ရောက်ရှိရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။



မစ္စတာ တက်ဆူရိုယူကီသည် ဂျပန်ဘောလုံးအဖွဲ့ချုပ် ပရိုလိုင်စင်ရ နည်းပြတစ်ဦး ဖြစ်ပြီး ဂျေလိဂ် - ၂ မှ ကလပ်အသင်းများကို တာဝန်ယူ ကိုင်တွယ်ခဲ့သလို ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ထိုင်းဆီးဂိမ်းပြိုင်ပွဲအထိ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုအနေဖြင့် ၂၀၂၃ ဆီးဂိမ်းစ်ငွေတံဆိပ်၊ ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ငွေတံဆိပ်နှင့် နီပေါဖိတ်ခေါ်ဖလား ချန်ပီယံဆုတို့အား ရယူပေးနိုင်ခဲ့သည်။

(NGB)

0-0-0-0-0

## ကိုမိုအသင်း သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိ

**တူရင် မေ ၂၅**

ကိုမိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိနိုင်ခဲ့ပြီဖြစ်သည်။

ကိုမိုအသင်းသည် အီတလီစီးရီးအေနောက်ဆုံးပွဲစဉ်တွင် ခရီးမိုနီစီအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားအဆင့်(၄)နေရာ ရောက်ရှိကာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သည်။

ကိုမိုအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်စ်က "အခုလို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းသားတွေရဲ့ အစွမ်းကုန် ကြိုးစားအားထုတ်မှုကြောင့်သာ ယခုလို ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့တာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အကောင်းဆုံး ရာသီတစ်ခုကို ဖြတ်သန်းနိုင်ခဲ့ပါပြီ။ အနာဂတ်မှာလည်း အသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများ ရယူနိုင်ဖို့အတွက် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။




၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ ပြီးဆုံးချိန်တွင် အင်တာမီလန်၊ နာပိုလီ၊ ရိုးမား၊ ကိုမိုအသင်းတို့က ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့သည်။

အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ယူရိုပါလိဂ်ဝင်ခွင့်သာရရှိခဲ့ပြီး၊ အတ္တလန်တာအသင်းက ကွန်းဖရန့်လိဂ်ဝင်ခွင့်ရရှိခဲ့သည်။

ခရီမိုနီစီအသင်း၊ ဗီရိုနာအသင်း၊ ပီဆာအသင်းတို့အနေဖြင့် အီတလီစီးရီးအေပြိုင်ပွဲမှ တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

(NGB)

0-0-0-0-0